**Ministry Of Sports Affairs**
**အားကစားရေးရာဝန်ကြီးဌာန**
**သတင်းလွှာ**

Monthly Newsletter | Volume 4, No.6 June 2026

# အားကစားရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်း အားကစားရေးရာဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်) ၂၀၂၆-၂၀၂၇ ပညာသင်နှစ် အားကစားနှင့်ပညာရေး ပေါင်းစပ်သင်တန်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ မြန်မာနိုင်ငံမသန်စွမ်းအားကစားအဖွဲ့ချုပ်သို့ သွားရောက်ကြည့်ရှုစစ်ဆေး





ရန်ကုန်၊ ဇွန် ၅

အားကစားရေးရာဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာသိပ္ပံ (ရန်ကုန်) ၂၀၂၆-၂၀၂၇ ပညာသင်နှစ် အားကစားနှင့်ပညာရေး ပေါင်းစပ်သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၀၈:၀၀ နာရီ အချိန်တွင် ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်၊ ကျိုက္ကဆံကွင်း အားကစားနှင့်ကာယပညာသိပ္ပံ (ရန်ကုန်)ရှိ ပြည်ထောင်စုခန်းမ၌ ကျင်းပပြုလုပ်ခဲ့သည်။

ဦးစွာ အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်) ကျောင်းသား/ ကျောင်းသူများက “ရန်ကုန်အားကစားသိပ္ပံ” သီချင်းဖြင့် သီဆိုဖွင့်လှစ်ပေး ခဲ့ပြီးနောက် အားကစားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်းက အဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံတော်၏ အားကစားအဆင့်အတန်း တိုးတက်မြင့်မားရေးသည် အမျိုးသားရေး တာဝန်ကြီးတစ်ရပ်ဖြစ်ပြီး အားကစားအောင်မြင်မှုသည်လည်း နိုင်ငံ တစ်နိုင်ငံ၏ဂုဏ်၊ လူမျိုးတစ်မျိုး၏ ဂုဏ်သိက္ခာပင်ဖြစ်ပါကြောင်း၊ အားကစားနှင့်ကာယပညာသိပ္ပံ (ရန်ကုန်)မှ သွေးသစ်လောင်းနိုင်မည့် ထူးချွန်ထက်မြက်သော လူငယ်မျိုးဆက်သစ် အားကစားသမားများ စဉ်ဆက်မပြတ် ထွက်ပေါ်လာစေရန်အတွက် ၁၉၉၇-၁၉၉၈ ပညာသင် နှစ်မှ ယခုပညာသင်နှစ်အထိဖွင့်လှစ်ခဲ့ရာ (၂၉) နှစ်ပြည့်မြောက် ခဲ့ပြီဖြစ်ပါကြောင်း၊ ယခု ၂၀၂၆-၂၀၂၇ ပညာသင်နှစ်၊ အားကစားနှင့် ပညာရေးပေါင်းစပ်လေ့ကျင့်ရေးသင်တန်းကို အားကစားနည်း ၁၅ နည်း ဖြင့် လေ့ကျင့်သင်ကြားပေးသွားမည် ဖြစ်ပါကြောင်း၊ အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်)မှ မြန်မာ့လက်ရွေးစင်နှင့် လူငယ် လက်ရွေးစင် အားကစားသမားများကို မွေးထုတ်ပေးနိုင်ခဲ့ပြီး အပြည်ပြည်ဆိုင်ရာအားကစားပြိုင်ပွဲများတွင် ရွှေ၊ ငွေ၊ ကြေး ဆုတံဆိပ်ပေါင်းများစွာ ဆွတ်ခူးရရှိခဲ့ပါကြောင်း၊ အားကစားနှင့် ပညာရေးပေါင်းစပ် အထက်တန်းကျောင်းများသည် အားကစား သာမကပညာရေးကိုပါ ထူးချွန်အောင် သင်ကြားပေးရမည်ဖြစ်သည့် အတွက် ဝါသနာ၊ စေတနာ၊ အနစ်နာအရင်းခံ၍ ဆရာ့ကျင့်ဝတ်နှင့် အညီ ပြုစုပျိုးထောင်ပေးသွားရန် တိုက်တွန်းပြောကြားခဲ့သည်။

ဆက်လက်ပြီး အစီအစဉ်အရ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ မုံရွာ၊ တောင်ကြီးနှင့်လွိုင်ကော် အားကစားနှင့်ကာယပညာသိပ္ပံကျောင်း (၆) ကျောင်းအတွက် ကျောင်းတစ်ကျောင်းလျှင် အလှူငွေကျပ်သိန်း ၁၀၀ နှုန်းဖြင့် စုစုပေါင်း ငွေကျပ် သိန်း ၆၀၀ အားလည်းကောင်း၊ Golden Park SPA Land and Hotel မှ အလှူငွေကျပ် ၁၁၁ သိန်းနှင့် မြန်မာနိုင်ငံ ဘိလိယက်နှင့်စနူကာအဖွဲ့ချုပ်မှ လှူဒါန်းငွေကျပ် ၁၀ သိန်း၊ စုစုပေါင်း ငွေကျပ် ၁၂၁ သိန်းအားလည်းကောင်း၊ မြန်မာနိုင်ငံမြင်းစီး အားကစား အဖွဲ့ချုပ်မှ အလှူငွေကျပ်သိန်း ၁၀၀ တို့အား လည်းကောင်း ပေးအပ်လှူဒါန်းခဲ့ရာ ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်းက လက်ခံ ရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်ခဲ့သည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးအောင်နိုင်သူက အမှာစကားပြောကြားခဲ့ပြီး အလှူငွေကျပ် သိန်း ၁၀၀ လှူဒါန်းပေးအပ်ခဲ့ရာ အားကစားနှင့်ကာယပညာသိပ္ပံ (ရန်ကုန်) ကျောင်းအုပ်ကြီး ဦးထွန်းထွန်းဦးမှ လက်ခံရယူ၍ ဂုဏ်ပြု မှတ်တမ်းလွှာအား ပြန်လည်ပေးအပ်ခဲ့ပြီးနောက် ES4E ကိုယ်ပိုင်

စာမျက်နှာ ၂ သို့ ►

အောင်မြင်မှုအခြေခံ “စ” ခုနစ်လုံးဆောင်ရန်

စိတ်ဓာတ်၊ စည်းကမ်း၊


စွမ်းအား၊ စည်းလုံးမှု

စံချိန်၊ စံညွှန်း၊ စံနှုန်း

ဇွန်လ အတွက် သတင်းလွှာတွင်

| | | |
|---|---|---|
| ပြည်ထောင်စုဝန်ကြီးသတင်း | - | (၁၂) ပုဒ် |
| ဒုတိယဝန်ကြီးသတင်း | - | (၉) ပုဒ် |
| ဆောင်ပါးရှင် ရဲလွင်အောင်(YU) | - | (၁) ပုဒ် |
| ဆုရအားကစားသမားကြိုဆိုသည့်သတင်း | - | (၁) ပုဒ် |

# အားကစားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်း (၂၁) ကြိမ်မြောက် အာရှနှင့်သမုဒ္ဒရာပိုင်းဆိုင်ရာ ဒေသတွင်းအားကစားကဏ္ဍ တားမြစ်ဆေးဝါးသုံးစွဲမှု ဆန့်ကျင်ရေးအတွက် အစိုးရပိုင်းဆိုင်ရာဝန်ကြီးများအဆင့်အစည်းအဝေးနှင့် ဒေသတွင်းဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ပြီး ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိ



ရန်ကုန်၊ ဇွန် ၄

အားကစားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်းသည် အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးညဏ်ဇော်ဦး၊ မြန်မာနိုင်ငံတားမြစ်ဆေးဝါးသုံးစွဲမှု ဆန့်ကျင်ရေးအဖွဲ့အစည်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာဒေါ်သန်းသန်းဌေးတို့နှင့်အတူ ၂၀၂၆ ခုနှစ် ဇွန်လ ၁ ရက်နေ့မှ ၃ ရက်နေ့အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ပေကျင်းမြို့တွင် ကျင်းပပြုလုပ်ခဲ့သည့် (၂၁) ကြိမ်မြောက် အာရှနှင့်သမုဒ္ဒရာပိုင်းဆိုင်ရာဒေသတွင်း အားကစားကဏ္ဍ တားမြစ်ဆေးဝါးသုံးစွဲမှု ဆန့်ကျင်ရေးအတွက် အစိုးရပိုင်းဆိုင်ရာ

စာမျက်နှာ ၃ သို့ ►

မျက်နှာဖုံးမှ အဆက် ►

အထက်တန်းကျောင်းမှ အလှူငွေကျပ် သိန်း ၁၀၀ လှူဒါန်းရာ ဝန်ကြီးချုပ် ဦးအောင်နိုင်သူက လက်ခံရယူခဲ့ပြီး ဂုဏ်ပြုမှတ်တမ်းလွှာအား ပြန်လည်ပေးအပ်ခဲ့သည်။

ဆက်လက်၍ အလှူရှင်များက အားကစားနှင့်ကာယပညာကျောင်းအကျိုးတော်ဆောင်ရန်ပုံငွေသို့ စုစုပေါင်းငွေကျပ် ၁၁၉၄ သိန်း ၅ သောင်းနှင့် သင်တန်းသား/သင်တန်းသူများအတွက် ငွေကျပ် ၁၀ သိန်းတန်ဖိုးရှိ ဗီဗီနမ်ဝတ်စုံ ၁၂ စုံ၊ ငွေကျပ် ၁၀ သိန်း တန်ဖိုးရှိ ခဲဆံဘောပင်နှင့်ခဲသား ဒါဇင် ၂၀၀ တို့အား ပေးအပ်လှူဒါန်းခဲ့ရာ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးဌေးအောင်၊ လူမှုရေးရာဝန်ကြီး ဦးဗိုလ်ဌေး၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးညဏ်ဇော်ဦးတို့က အသီးသီးလက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာများအား ပြန်လည်ပေးအပ်ခဲ့ပြီးနောက် အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်)မှ ကျောင်းသား/ကျောင်းသူများက ဝူရှူးအားကစားနည်းဖြင့် သရုပ်ပြဖျော်ဖြေခဲ့ကြပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးခဲ့ကြပြီးနောက် အားကစားရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်း၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးအောင်နိုင်သူ၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌတို့နှင့်အတူ တာဝန်ရှိပုဂ္ဂိုလ်များက သင်တန်းသား/သင်တန်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်၍ အားကစားနည်းအလိုက် ခင်းကျင်းပြသထားသည့် အားကစား အထောက်အကူပြုပစ္စည်းများအား လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဒဂုံမြို့သစ်မြောက်ပိုင်းရှိ မြန်မာနိုင်ငံမသန်စွမ်း အားကစားအဖွဲ့ချုပ်သို့ ရောက်ရှိပြီး ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက်နေ့မှ အောက်တိုဘာလ ၄ ရက်နေ့အထိ ဂျပန်နိုင်ငံ၊ နာဂိုရာမြို့တွင်ကျင်းပမည့် ၅ ကြိမ်မြောက် အာရှမသန်စွမ်း အားကစားပြိုင်ပွဲအတွက် စခန်းသွင်းထားသော အားကစားသမားများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ၍ ပြိုင်ပွဲတွင် အောင်မြင်မှု ဆုတံဆိပ်များရရှိပြီး နိုင်ငံ့ဂုဏ်ကိုဆောင်နိုင်အောင် ဆက်လက်ကြိုးစားသွားကြရန် အားပေးစကားပြောကြားခဲ့ပြီး အစည်းအဝေးခန်းမ၌ ခင်းကျင်းပြသထားသည့် ပြိုင်ပွဲသုံးအထောက်အကူပြု ပစ္စည်းများနှင့်အပြေးခြေတုများအား ကြည့်ရှုစစ်ဆေးခဲ့ပြီးနောက် မြန်မာနိုင်ငံမသန်စွမ်း အားကစားအဖွဲ့ချုပ်မှ တာဝန်ရှိသူများအား တွေ့ဆုံအမှာစကားပြောကြားရာတွင် မသန်ပေမယ့် စွမ်းဆောင်နိုင်သူများဖြစ်သည့်အတွက် မိမိအနေဖြင့် များစွာဂုဏ်ယူပါကြောင်း၊ နိုင်ငံတော်အကြီးအကဲအနေဖြင့်လည်း ထိုက်ထိုက်တန်တန် အားပေးဂုဏ်ယူချီးမြှင့်ပေးလျက်ရှိပါကြောင်း၊ နိုင်ငံတော်သမ္မတကြီး၏ လမ်းညွှန်ချက်အတိုင်း ရက် ၁၀၀ စီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ချက်များတွင် အားကစားကိုအခြေခံက စတင်ဆောင်ရွက်သွားရန်လိုအပ်ပါကြောင်း၊ မျိုးဆက်သစ် အားကစားသမားများ ရွေးချယ်မှုနှင့် စခန်းသွင်းလေ့ကျင့်ရေးတို့၌ စနစ်တကျမှန်ကန်စွာ လေ့ကျင့်ပျိုးထောင်ပေးခြင်းဖြင့် နိုင်ငံတကာ အားကစားပြိုင်ပွဲများတွင် ရွှေတံဆိပ်ဆုများဆွတ်ခူးရယူပြီး အမိမြန်မာနိုင်ငံတော်အလံကို တိုင်ထိပ်တွင်လွှင့်ထူနိုင်ခြင်းဖြင့် မိမိတို့၏ တိုင်းပြည်ဂုဏ်မြင့်တက်လာပြီး နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ရာ ရောက်မည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ မသန်စွမ်းသူများအားကစားအဖွဲ့ချုပ် ဒုတိယ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးနှင့်အမှုဆောင်များက အဖွဲ့ချုပ်၏ လက်ရှိ ဆောင်ရွက်နေမှုများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ၊ မျိုးဆက်သစ် အားကစားသမားများ ရှာဖွေစုဆောင်းထားရှိမှုများ၊ ဝင်ရောက်ယှဉ်ပြိုင်ရန် စခန်းသွင်းလေ့ကျင့်မည့် အားကစားနည်းများ၊ ပြိုင်ပွဲများဝင်ရောက်ယှဉ်ပြိုင်ခဲ့မှုနှင့် ဆုတံဆိပ်ရရှိခဲ့သည့် အခြေအနေများ၊ ကျန်းမာရေးစောင့်ရှောက်မှုများ၊ စခန်းသွင်းလေ့ကျင့်မှုနှင့် နေထိုင်သွားလာ စားသောက်ရေးကိစ္စရပ်များနှင့် အခြားလိုအပ်ချက်များအား တင်ပြဆွေးနွေးခဲ့ရာ ပြည်ထောင်စုဝန်ကြီးက အားကစားအဆင့်အတန်း ပိုမိုတိုးတက်မြင့်မားလာစေရေး၊ ပညာရေးအခြေခံကောင်းမွန်ပြီး ထူးချွန်ထက်မြက်သည့် အားကစားသမားကောင်းများ မွေးထုတ်နိုင်ရေးအတွက် အတန်းပညာများ သင်ကြားပေးနိုင်ရေး၊ ရွှေတံဆိပ်ဆု များစွာရယူပြီး နိုင်ငံအလိုက် အဆင့်ရပ်တည်မှု၌ ယခင်ရရှိခဲ့သည့် အဆင့်ထက်သာလွန်အောင် ကြိုးစားသွားကြရန်နှင့် အားလုံးဝိုင်းဝန်းပူးပေါင်း ကူညီဆောင်ရွက်သွားကြရန် နိဂုံးချုပ်အမှာစကားပြောကြားခဲ့ပြီးနောက် ဖူဆယ်၊ မျက်မမြင်ဂိုးလ်ဘော၊ ထိုင်လျက်ဘော်လီဘောလေ့ကျင့်ရေးရုံ၊ Synthetic ပြေးလမ်းပါ ဘောလုံးကွင်း၊ ကစားသမားအိပ်ဆောင်များ၊ ရေကူးကန်တို့အား လိုက်လံကြည့်ရှုစစ်ဆေးပြီး စနစ်တကျရှိစေရေး အစဉ်အမြဲ သန့်ရှင်းသပ်ရပ်သာယာလှပစေရေး၊ ရေထိန်းသိမ်းမှု ကောင်းမွန်စေရေးနှင့် အခြားလိုအပ်ချက်များနှင့်စပ်လျဉ်း၍ တာဝန်ရှိသူများကို လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

# အပြည်ပြည်ဆိုင်ရာအိုလံပစ်ကော်မတီ သွေးစည်းညီညွတ်ရေးအစီအစဉ်အရ ဖွင့်လှစ်သည့် ဂျူဒိုနည်းပြသင်တန်း (အဆင့်-၁) သင်တန်းဖွင့်ပွဲအခမ်းအနားကျင်းပ






နေပြည်တော်၊ ဇွန် ၈

အားကစားရေးရာဝန်ကြီးဌာနမှ ကြီးမှူး၍ အိုလံပစ်သွေးစည်းညီညွတ်ရေးအစီအစဉ်ဖြင့် အပြည်ပြည်ဆိုင်ရာအိုလံပစ်ကော်မတီ (IOC)၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ(MOC)၊ အပြည်ပြည်ဆိုင်ရာ ဂျူဒိုအဖွဲ့ချုပ်(IJF)နှင့် မြန်မာနိုင်ငံဂျူဒို အဖွဲ့ချုပ်(MJF)တို့ ပူးပေါင်းစီစဉ်ဖွင့်လှစ်သည့် ဂျူဒိုနည်းပြသင်တန်း (အဆင့်-၁) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်၊ အားကစားလေ့ကျင့်ရေးစခန်း (Gold Camp)ရှိ ဘက်စုံသုံးခန်းမ၌ကျင်းပခဲ့ရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်း၊ ဒုတိယဝန်ကြီး ဦးညီညီ၊ အမြဲတမ်းအတွင်းဝန် ဦးမျိုးကျော်သူ၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဉာဏ်ဇော်ဦးနှင့်တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ သင်တန်းနည်းပြ အယ်လ်ဂျီးရီးယားနိုင်ငံသား Mr. Amar Meridja နှင့် သင်တန်းသား/သင်တန်းသူများ တက်ရောက်ခဲ့သည်။

ဦးစွာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်းက သင်တန်းဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံတော်သမ္မတ၏ မိန့်ခွန်းပါလမ်းညွှန်ချက်အရ အားကစားကဏ္ဍ မြင့်မားစေရေးအတွက် အားကစားရေးရာဝန်ကြီးဌာနမှ ရက်ပေါင်း ၁၀၀ အတွင်း စီမံချက်အဖြစ် ယခုဂျူဒိုနည်းပြသင်တန်း (အဆင့်-၁)အား ဖွင့်လှစ်သင်ကြားပေးခြင်းဖြစ်ပါကြောင်း၊ ဂျူဒိုအားကစားနည်းသည် အိုလံပစ်အားကစားနည်းတစ်ခုဖြစ်ပြီး ရုပ်ပိုင်းဆိုင်ရာကြံ့ခိုင်မှုသာမက စည်းကမ်း၊ လေးစားမှုနှင့် စိတ်ဓာတ်ကြံ့ခိုင်မှုကိုပါ သွန်သင်ပေးနိုင်သည့် အားကစားနည်းတစ်ခုဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ်အနေဖြင့် အရှေ့တောင်အာရှ၊ အာရှနှင့် နိုင်ငံတကာ အားကစားပြိုင်ပွဲများတွင် ရွှေတံဆိပ် ၃၅ ခု၊ ငွေတံဆိပ် ၅၀ ခုနှင့် ကြေးတံဆိပ် ၉၇ ခုတို့ကို မြန်မာနိုင်ငံအတွက် ထိုက်ထိုက်တန်တန် ဆွတ်ခူးရယူပေးနိုင်ခဲ့ပြီး ဂုဏ်ယူစွာဖြင့် နိုင်ငံ့ဂုဏ်ဆောင်နိုင်ခဲ့သည်ကိုတွေ့ရှိခဲ့ရပါကြောင်း၊ ဂျူဒိုအားကစားအဆင့်အတန်း ပိုမိုဖွံ့ဖြိုးတိုးတက်စေရန် နည်းပြသင်တန်းများဖွင့်လှစ်ပေးခြင်း၊ ပြိုင်ပွဲများကျင်းပပေးခြင်း၊ နိုင်ငံတကာအားကစားပြိုင်ပွဲများသို့ စေလွှတ်ယှဉ်ပြိုင်စေခြင်းများနှင့် မြန်မာနိုင်ငံအတွက် ဆုတံဆိပ်များ ဆွတ်ခူးရယူပေးနိုင်ခဲ့ခြင်းများအတွက် အဖွဲ့ချုပ်ဥက္ကဋ္ဌ၊ တာဝန်ရှိသူများနှင့် အားကစားသမားများကို မှတ်တမ်းတင်ဂုဏ်ပြုပါကြောင်း၊ ယခုလို ရွှေတံဆိပ်ဆုများ ထပ်မံဆွတ်ခူးရယူပေးနိုင်ရန်အတွက် မိမိတို့ဝန်ကြီးဌာနအနေဖြင့် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်၍ မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများကလည်း အတူတကွ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးသွားရန် တိုက်တွန်းမှာကြားလိုကြောင်း၊ နိုင်ငံတကာအားကစား ပြိုင်ပွဲများတွင် အောင်မြင်မှုများပိုမိုရရှိစေရန်အတွက် အရည်အချင်းပြည့်ဝပြီး ထူးချွန်ထက်မြက်သည့် အားကစားသမားများသာမက နည်းစနစ်ပိုင်းနှင့် နည်းဗျူဟာများကို နားလည်ကျွမ်းကျင်သည့်နည်းပြများ လိုအပ်ပါကြောင်း၊ ဂျူဒိုနည်းပြတစ်ဦး၏ အရေးကြီးဆုံးတာဝန်သည် "အစကောင်းမှ အနှောင်းသေချာ"ဆိုသည့် စကားပုံအတိုင်း နည်းစနစ်မှန်ကန်မှုမရှိဘဲ သင်ကြားပေးခြင်းသည် ထိခိုက်ဒဏ်ရာများနှင့် အကျင့်အမှားများကို ဖြစ်ပေါ်စေနိုင်သည့်အတွက် အားကစားကို စတင်ကစားချိန်မှစ၍ အခြေခံနည်းစနစ်များကို စနစ်တကျ မှန်ကန်စွာ လေ့ကျင့်သင်ကြားပေးသွားရန်လိုကြောင်း၊ ဂျူဒိုအားကစားနည်း ပိုမိုဖွံ့ဖြိုးတိုးတက်စေရန် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့်ပြည်နယ်များ၊ ဆပ်ကော်မတီများကလည်း မိမိတို့ဒေသတွင်း ဂျူဒို အားကစားအဆင့်အတန်းအား ပိုမိုမြှင့်တင်နိုင်ရေးအတွက် ဝိုင်းဝန်းပူးပေါင်း

စာမျက်နှာ ၄ သို့ ►

စာမျက်နှာ ၂ မှ အဆက် ►



ဝန်ကြီးများအဆင့် အစည်းအဝေးနှင့် ဒေသတွင်းဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ပြီး ယနေ့နေ့လည် (၁၃:၅၅) နာရီအချိန်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ပေကျင်းမြို့မှ လေယာဉ်အမှတ် (MU-2031)ဖြင့် ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိလာရာ အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦး၊ အားကစားနှင့်ကာယပညာသိပ္ပံ (ရန်ကုန်) ကျောင်းအုပ်ကြီး၊ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက သွားရောက်ကြိုဆိုခဲ့ကြကြောင်း သိရသည်။

**မျိုးချစ်စိတ်ဓာတ် ထက်သန်ရေး အားကစားကို အစဉ်အားပေး**

# မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်း ရှမ်းပြည်နယ် ကလောမြို့နယ်ရှိ အားကစားကွင်း/အားကစားရုံများနှင့် Football for School အစီအစဉ်ဖြင့် သင်တန်းသား/သင်တန်းသူများ၏ လေ့ကျင့်နေမှုများအား လိုက်လံကြည့်ရှုစစ်ဆေး





နေပြည်တော်၊ ဇွန် ၁၈

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်းသည် ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံကျော်၊ လူမှုရေးရာဝန်ကြီး ဒေါ်နန်းခမ်းလူ၊ အင်းတိုင်းရင်းသားရေးရာဝန်ကြီး ဒေါ်တင်တင်ရီ၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဉာဏ်ဇော်ဦးတို့နှင့် အတူ တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်၊ ကလောမြို့နယ်ရှိ အားကစားကွင်း/အားကစားရုံများနှင့် Football for School အစီအစဉ်ဖြင့် သင်တန်းသား/သင်တန်းသူများ၏ လေ့ကျင့်နေမှုများအား လိုက်လံကြည့်ရှု စစ်ဆေးခဲ့သည်။

ဦးစွာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသည် လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ရှမ်းပြည်နယ်အတွင်းရှိ ကလောမြို့နယ် အားကစားကွင်းသို့ သွားရောက်၍ အားကစားကွင်း/အားကစားရုံများအား လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး အားကစားကွင်း/အားကစားရုံများ ရေရှည်တည်တံ့စေရေး၊ ဘောလုံးကွင်းမြက်ခင်းများ စိမ်းလန်းစိုပြေစေရေးနှင့် အားကစားကွင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပစေရေးတို့အတွက် ပုံမှန်ထိန်းသိမ်းဆောင်ရွက်သွားရန်လိုကြောင်း၊ ဂိုးတိုင်/ဂိုးပိုက်များ စနစ်တကျ တပ်ဆင်ထားရှိရန်၊ ဘောလုံးကွင်းရေဖြန်းစနစ်များ ကောင်းမွန်စေရေးနှင့် ရေလုံလောက်စွာရရှိစေရေးတို့အတွက် ရေလိုင်း၊ မီးလိုင်းများ စစ်ဆေးဆောင်ရွက်သွားရန်နှင့် ရေစီးရေလာကောင်းမွန်စေရေးအတွက် ရေနုတ်မြောင်းများ သန့်ရှင်းရေးပုံမှန် ဆောင်ရွက်သွားရန် တာဝန်ရှိသူများကို လိုအပ်သည်များမှာကြားခဲ့သည်။

ဆက်လက်ပြီး ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်းသည် ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံကျော်၊ လူမှုရေးရာဝန်ကြီး ဒေါ်နန်းခမ်းလူ၊ အင်းတိုင်းရင်းသားရေးရာဝန်ကြီး ဒေါ်တင်တင်ရီတို့နှင့်အတူ တာဝန်ရှိသူများလိုက်ပါလျက် တောင်ကြီးမြို့နယ် ပြည်နယ်အားကစားကွင်းသို့ သွားရောက်၍ အားကစားကဏ္ဍ မြင့်မားစေရန်အတွက် Football for School အစီအစဉ်များကို ရက် ၁၀၀ အတွင်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ဘောလုံးအခြေခံသင်တန်းတွင် နည်းပြ ၂၂ ဦးတို့က သင်တန်းသား/သင်တန်းသူ ၃၀၀ ဦးတို့ကို အခြေခံ ဘောလုံးနည်းစနစ်များ စနစ်တကျ လေ့ကျင့်သင်ကြားပေးနေမှု အခြေအနေများအား လိုက်လံကြည့်ရှုအားပေးခဲ့ပြီး အားကစားပစ္စည်းများနှင့် အင်အားဖြည့်အချိုရည်များအား ထောက်ပံ့ပေးအပ်ခဲ့ပြီးနောက် ရှမ်းပြည်နယ် အားကစားအဆင့်အတန်း ပိုမိုတိုးတက်မြင့်မားလာစေရန်နှင့် မျိုးဆက်သစ် အားကစားသမားများ မွေးထုတ်ပေးနိုင်စေရန်အတွက် အားကစားနည်းအလိုက် အခြေခံ အားကစားသင်တန်းများကို အခြေခံပညာကျောင်းများတွင် ဖွင့်လှစ်သင်ကြား လေ့ကျင့်ပေးနိုင်ရေးအတွက် ပြည်နယ် အစိုးရအဖွဲ့၏ ဦးဆောင်လမ်းညွှန်မှုနှင့်အတူ သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်၍ အကောင်အထည်ဖော် ဆောင်ရွက်သွားရန် တာဝန်ရှိသူများကို မှာကြားခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် တို့နှင့်အတူ ရှမ်းပြည်နယ်၊ တောင်ကြီးမြို့ ပြည်နယ်အားကစားကွင်းရှိ မိုးလုံလေလုံ အားကစားခန်းမတွင် ကျင်းပလျက်ရှိသည့် ၂၀၂၆ ခုနှစ်၊ တိုင်းဒေသကြီးနှင့်ပြည်နယ် အသက် (၂၅) နှစ်အောက် ဘော်လီဘောအမျိုးသားပြိုင်ပွဲ အကြိုဗိုလ်လုပွဲ ပွဲစဉ်တွင် မွန်ပြည်နယ် အသင်းနှင့် ချင်းပြည်နယ်အသင်းတို့၏ အကြိတ်အနယ် ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးခဲ့ပြီးနောက် အားကစားနှင့်

စာမျက်နှာ ၅ သို့ ►

စာမျက်နှာ ၃ မှ အဆက် ►

ဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ ယခုသင်တန်းသို့ လာရောက်၍ သင်တန်းပို့ချပေးသည့် နည်းပြဆရာသည် အိုလံပစ်အားကစားပြိုင်ပွဲတွင် ၄ ကြိမ် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး World Judo Championship ပြိုင်ပွဲတွင် ဒုတိယဆု ရရှိထားပြီး နိုင်ငံတကာအားကစားပြိုင်ပွဲများတွင် အတွေ့အကြုံကောင်းများစွာ ရရှိထားသည့် နည်းပြတစ်ဦးဖြစ်၍ မြန်မာဂျူဒို အားကစားသမားများအနေဖြင့် အားကျအတုယူ၍ သင်ကြားပို့ချပေးမည့် နည်းစနစ်များအား စိတ်ပါဝင်စားစွာ လေ့လာသင်ယူ မှတ်သားသွားရန်လိုကြောင်း၊ ယခုသင်တန်းတွင် ခေတ်မီသည့် အသိပညာအသစ်များ၊ ခေတ်ပေါ် အားကစားသိပ္ပံနည်းကျ ကျွမ်းကျင်မှုများနှင့် ၂၁ ရာစု နည်းပြစွမ်းရည်များကို လေ့လာဆည်းပူးစေနိုင်ရန် စီစဉ်ဆောင်ရွက်ပေးထားသည့်အတွက် ယခုသင်တန်းတွင် လေ့လာသင်ယူခဲ့ရသည့် အတွေ့အကြုံကောင်းများကို မိမိနေရပ်ဒေသများသို့ ပြန်လည် ရောက်ရှိပါက အချင်းချင်း ပြန်လည်မျှဝေပေးသွားရန် တိုက်တွန်းမှာကြားခဲ့ပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကူး၍ အခမ်းအနားအား ရုပ်သိမ်းခဲ့သည်။

အဆိုပါ ဂျူဒိုနည်းပြသင်တန်း (အဆင့်-၁)ကို ၂၀၂၆ ခုနှစ် ဇွန်လ ၈ ရက်နေ့မှ ၁၂ ရက်နေ့အထိ သင်တန်းနည်းပြ အယ်လ်ဂျီးရီးယားနိုင်ငံသား Mr. Amar Meridja က သင်တန်းသား/သင်တန်းသူ ၃၀ ဦး တို့အား နေပြည်တော်၊ အားကစားလေ့ကျင့်ရေးစခန်း (Gold Camp)ရှိ ဘက်စုံသုံးခန်းမ၌ သင်တန်းကာလ ၅ ရက်ကြာ ဖွင့်လှစ်သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

# မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်းသည် ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံကျော်၊ ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးများနှင့်အတူ ၂၀၂၆ ခုနှစ်၊ တိုင်းဒေသကြီးနှင့်ပြည်နယ် အသက် (၂၅) နှစ်အောက် ဘော်လီဘော(အမျိုးသား/အမျိုးသမီး)ပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်ယှဉ်ပြိုင်ကစားနေမှုများနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်





နေပြည်တော်၊ ဇွန် ၁၉

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်းသည် ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံကျော်၊ ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးများ၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့နှင့်အတူ ယနေ့နံနက်ပိုင်းတွင် ၂၀၂၆ ခုနှစ်၊ တိုင်းဒေသကြီးနှင့် ပြည်နယ် အသက်(၂၅)နှစ်အောက် ဘော်လီဘော(အမျိုးသား/အမျိုးသမီး)ပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်ယှဉ်ပြိုင်ကစားနေမှုများနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်ခြင်း၊ အားကစားနှင့်ကာယပညာသိပ္ပံ (တောင်ကြီး)ရှိ သင်တန်းသား/သင်တန်းသူများ၏ လေ့ကျင့်နေမှုများ၊ အဆောက်အဦများနှင့် ရွှေညောင်အားကစားကွင်းရှိ အားကစားကွင်း/အားကစားရုံများအား လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးများ၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဌာနဆိုင်ရာများမှတာဝန်ရှိပုဂ္ဂိုလ်တို့နှင့်အတူ ရှမ်းပြည်နယ်၊ တောင်ကြီးမြို့ ပြည်နယ်အားကစားကွင်းရှိ မိုးလုံလေလုံအားကစားခန်းမတွင် ကျင်းပလျက်ရှိသည့် ၂၀၂၆ ခုနှစ်၊ တိုင်းဒေသကြီးနှင့်ပြည်နယ် အသက်(၂၅)နှစ်အောက် ဘော်လီဘော(အမျိုးသား/အမျိုးသမီး)ပြိုင်ပွဲဗိုလ်လုပွဲ ပွဲစဉ်ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးခဲ့ပြီးနောက် ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ခြင်းအခမ်းအနားအား ဆက်လက်ကျင်းပခဲ့ရာ အသက်အငယ်ဆုံးနှင့် အတိုးတက်ဆုံး မျိုးဆက်သစ်အားကစားသမားဆု၊ နေရာအလိုက် အကောင်းဆုံး အားကစားသမားဆု၊ (အမျိုးသမီး)ပြိုင်ပွဲတွင် ပူးတွဲတတိယဆုရရှိခဲ့ကြသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် ကချင်ပြည်နယ်အသင်း၊ (အမျိုးသား)ပြိုင်ပွဲတွင် ပူးတွဲ တတိယဆုများရရှိသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းနှင့် ချင်းပြည်နယ်အသင်းတို့ကို ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးများနှင့် တာဝန်ရှိသူများက တစ်ဦးချင်းဆုတံဆိပ်နှင့် ဂုဏ်ပြုချီးမြှင့်ငွေများကိုလည်းကောင်း၊ ဘော်လီဘော(အမျိုးသမီး)ပြိုင်ပွဲတွင် ဒုတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးအသင်း၊ (အမျိုးသား)ပြိုင်ပွဲတွင် ဒုတိယဆုရရှိသည့် မွန်ပြည်နယ်အသင်းတို့ကို ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးစိန်ဝင်းနှင့် ရှမ်းပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးစိုင်းထွန်းစိန်တို့က တစ်ဦးချင်းဆုတံဆိပ်နှင့် ဂုဏ်ပြုချီးမြှင့်ငွေကျပ် (၁၅) သိန်းစီကိုလည်းကောင်း၊ ဘော်လီဘော(အမျိုးသမီး)ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရှမ်းပြည်နယ်အသင်း၊ (အမျိုးသား)ပြိုင်ပွဲတွင် ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးအသင်းတို့ကို ရှမ်းပြည်နယ် ပြည်နယ်တရားသူကြီးချုပ် ဦးသန်းဦးလွင်နှင့် ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံကျော်တို့က တစ်ဦးချင်းဆုတံဆိပ်များကိုလည်းကောင်း၊ ဘော်လီဘော(အမျိုးသမီး)ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရှမ်းပြည်နယ်အသင်း၊ (အမျိုးသား)ပြိုင်ပွဲတွင် ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးအသင်းတို့ကို မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ၊ အားကစားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်းက ဂုဏ်ပြုချီးမြှင့်ငွေကျပ်သိန်း (၂၀) စီနှင့် တံခွန်စိုက်ဆုဖလားများကိုလည်းကောင်း အသီးသီးပေးအပ်ချီးမြှင့်ခဲ့သည်။

ဆက်လက်ပြီး ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်းသည် ရှမ်းပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးစိန်ဝင်း၊ လူမှုရေးရာဝန်ကြီး ဒေါ်နန်းခမ်းလူ၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဉာဏ်ဇော်ဦးနှင့်အတူ တာဝန်ရှိသူများ လိုက်ပါလျက် တောင်ကြီးမြို့၊ အေးသာယာမြို့နယ်ရှိ အားကစားနှင့်ကာယပညာသိပ္ပံကျောင်းသို့ သွားရောက်၍ သင်တန်းသား/

စာမျက်နှာ ၆ သို့ ►

စာမျက်နှာ ၄ မှ အဆက် ►

ကာယပညာဦးစီးဌာနရုံး၌ အရာထမ်း/အမှုထမ်းများအား တွေ့ဆုံ၍ ဝန်ထမ်းများအနေဖြင့် နိုင်ငံတော်မှပေးအပ်ထားသည့် တာဝန်နှင့်ဝတ္တရားများကို ကျေပွန်စွာထမ်းဆောင်သွားကြရန်နှင့် မိမိတာဝန်ကျဒေသ၏ အားကစားအဆင့်အတန်း ပိုမိုတိုးတက်မြင့်မားစေရေးအတွက် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ အစွမ်းကုန်ကြိုးစား ဆောင်ရွက်သွားရန် တိုက်တွန်းမှာကြား၍ ဝန်ထမ်းများအတွက် ထောက်ပံ့ပစ္စည်းများအားပေးအပ်ခဲ့ပြီး ဝန်ထမ်းများ၏ တင်ပြချက်များနှင့် အခက်အခဲများအား ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



# မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသည် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်၊ လွှတ်တော် ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးများနှင့်အတူ ၂၀၂၆ ခုနှစ်၊ အိုလံပစ်နေ့ အထိမ်းအမှတ် ဝူရှူး(ထောက်လု)ဖိတ်ခေါ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့တက်ရောက်ခဲ့ပြီးနောက် အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး)အတွင်းရှိ တည်ဆောက်ရေးလုပ်ငန်းများအား လိုက်လံကြည့်ရှုစစ်ဆေး






နေပြည်တော်၊ ဇွန် ၂၀

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်းသည် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်မိုး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံး ကောင်စစ်ဝန်ချုပ် Ms, Gao Ping ၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဉာဏ်ဇော်ဦး၊ မြန်မာနိုင်ငံဝူရှူးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးသစ္စာ၊ ဌာနဆိုင်ရာများမှတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်း တွင် မန္တလေးတိုင်းဒေသကြီး၊ ဗထူးအားကစားရုံ၌ ရက် ၁၀၀ အတွင်း စီမံချက်တစ်ခုအဖြစ် အားကစားရေးရာဝန်ကြီးဌာန၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ၊ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် မြန်မာနိုင်ငံ ဝူရှူးအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် "၂၀၂၆ ခုနှစ်၊ အိုလံပစ်နေ့ အထိမ်းအမှတ် ဝူရှူး(ထောက်လု)ဖိတ်ခေါ်ပြိုင်ပွဲ" ဖွင့်ပွဲအခမ်းအနား သို့ တက်ရောက်ခဲ့ပြီးနောက် အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး) အတွင်းရှိ တည်ဆောက်ရေးလုပ်ငန်းများအား လိုက်လံကြည့်ရှု စစ်ဆေးခဲ့သည်။

ဦးစွာ အခမ်းအနားအစီအစဉ်အရ နိုင်ငံတော်သီချင်း သီဆိုခဲ့ကြ ပြီးနောက် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်းက အဖွင့်အမှာ စကားပြောကြားရာတွင် ဇွန်လ ၂၃ ရက်နေ့တွင် ကျရောက်မည့် ကမ္ဘာ့အိုလံပစ်နေ့ကို ကြိုဆိုဂုဏ်ပြုခြင်း၊ လူငယ်ထုအကြား အိုလံပစ်နေ့စိတ်ဓာတ်ဖြစ်သည့် ချစ်ကြည်ရေး၊ အပြန်အလှန် လေးစားမှုနှင့် အားကစားစိတ်ဓာတ်များ ပိုမိုနိုးကြားသက်ဝင် လာစေခြင်း၊ မတူညီသောဒေသအသီးသီးမှ တိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရင်းနှီးမှုရရှိပြီး ဝူရှူးအားကစားသမားများနှင့် နည်းပြ များအချင်းချင်း ဗဟုသုတနှင့် နည်းစနစ်များကို ဖလှယ်ခွင့်ရရှိခြင်း၊ မျိုးဆက်သစ် ရွက်ပုန်းသီး လူငယ်ဝူရှူးအားကစားသမားလေးများ ကို အောက်ခြေမှ စတင်ပေါ်ထွက်လာစေရေးတို့ ရည်ရွယ်၍ ရက် ၁၀၀ အတွင်း စီမံချက်တစ်ခုအဖြစ် ယခုပြိုင်ပွဲအား ကျင်းပပြုလုပ် ပေးရခြင်းဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံဝူရှူးအဖွဲ့ချုပ်ကို ၁၉၉၃ ခုနှစ် တွင် စတင်တည်ထောင်ဖွဲ့စည်းခဲ့ပြီး ယနေ့အထိ နိုင်ငံတကာ အားကစားပြိုင်ပွဲများတွင် နိုင်ငံတော်အတွက် ဆုတံဆိပ်များကို ဆွတ်ခူးရယူပေးနိုင်ခဲ့ပြီး နိုင်ငံ့ဂုဏ်ဆောင်နိုင်ခဲ့သည့် အားကစား အဖွဲ့ချုပ် တစ်ခုလည်းဖြစ်ပါကြောင်း၊ ယခုလိုအောင်မြင်မှုများ ဆက်လက်ရရှိအောင် အဖွဲ့ချုပ်မှ တာဝန်ရှိသူများကလည်း လေ့ကျင့်ရေးစီမံချက်များ စနစ်တကျရေးဆွဲသွားရန်နှင့် အားကစား သမားများကလည်း အားကြိုးမာန်တက် ကြိုးစားဆောင်ရွက်သွား ကြရန် တိုက်တွန်းမှာကြားလိုကြောင်း၊ ယနေ့ပြိုင်ပွဲသို့ ဝင်ရောက် ယှဉ်ပြိုင်ကြမည့် အားကစားသမားများအနေဖြင့် မိမိတို့ကိုယ်စားပြု ယှဉ်ပြိုင်သည့်အသင်း အောင်နိုင်ရေးအတွက် အနိုင်မခံ၊ အရှုံးမပေး သည့် ဇွဲ၊ စိတ်ဓာတ်အပြည့်ဖြင့် ကြိုးစားယှဉ်ပြိုင်ပြီး ယခုပြိုင်ပွဲမှ တစ်ဆင့် နိုင်ငံတော်က အားထားရသည့် မြန်မာ့လက်ရွေးစင် အားကစားသမားကောင်းများဖြစ်အောင် ဆက်လက်ကြိုးစားသွား ကြရန် တိုက်တွန်းမှာကြားခဲ့ပြီး "၂၀၂၆ ခုနှစ်၊ အိုလံပစ်နေ့ အထိမ်းအမှတ်ဝူရှူး(ထောက်လု) ဖိတ်ခေါ်ပြိုင်ပွဲ"ကို ဖွင့်လှစ်ပေးခဲ့ သည်။

စာမျက်နှာ ၇ သို့ ►

စာမျက်နှာ ၅ မှ အဆက် ►

သင်တန်းသူများ၏ လေ့ကျင့်နေမှုများ၊ အိပ်ဆောင်များ၊ စားရိပ်သာ၊ ဆေးခန်း၊ စာကြည့်တိုက်၊ ရေကူးကန်နှင့် စာသင်ကျောင်းတို့အား လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီးနောက် အားကစားနှင့်ပညာရေးပေါင်းစပ် အထက်တန်းကျောင်းမှ ကျောင်းအုပ်ကြီးနှင့် ဆရာ/ဆရာမများ အားတွေ့ဆုံ၍ ၂၀၂၆-၂၀၂၇ ပညာသင်နှစ်တွင် တက်ရောက်လျက် ရှိသည့် ကျောင်းသား/ကျောင်းသူများ၏ အခြေအနေများကို လေ့လာသုံးသပ်၍ အားနည်းသည့် ဘာသာရပ်များကို သေသေ ချာချာစိစစ်ကြပ်မတ်၍ သင်ကြားပေးသွားရန်နှင့် တန်းခွဲအလိုက် အောင်ချက်မြင့်မားစေရေး၊ Grade-12 ဖြေဆိုမည့် ကျောင်းသား/ ကျောင်းသူများ အောင်ချက်မြင့်မားစေရေးတို့အတွက် မိမိတို့ ဝန်ကြီးဌာနအနေဖြင့် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ပြီး ဆရာ/ဆရာမများ၏ တင်ပြချက်များအား ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အားကစားနှင့်ကာယပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့်အတူ တာဝန်ရှိသူများ လိုက်ပါလျက် ရွှေညောင်ပြို့နယ်အားကစားကွင်းသို့ သွားရောက်၍ အားကစားကွင်း/ အားကစားရုံများအား လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး အားကစားကွင်း ပတ်ဝန်းကျင် သန့်ရှင်းသာယာလှပစေရေး၊ ရေနုတ်မြောင်း အဖုံးများ၊ ဂိုးတိုင်များ၊ Inner Fencing များနှင့် အုတ်တံတိုင်းပတ်လည်များကို ဆေးဖြူများသုတ်လိမ်းထားရန်နှင့် အားကစားကွင်းအတွင်း မြက်ခင်း များ စိမ်းလန်းစိုပြည်စေရေးအတွက် ပုံမှန်ထိန်းသိမ်းဆောင်ရွက် သွားရန်၊ ပြည်နယ်အားကစားအဆင့်အတန်း ပိုမိုတိုးတက်မြင့်မား စေရေး၊ မျိုးဆက်သစ် အားကစားသမားများပေါ်ထွက်လာစေရေး နှင့် အားကစားလေ့ကျင့်မှုများ နေ့စဉ်မပြတ်ရှိစေရေးတို့အတွက် စည်းရုံးလှုံ့ဆော်ခြင်းများ ဆောင်ရွက်သွားရန် တာဝန်ရှိသူများကို လိုအပ်သည်များ မှာကြားခဲ့ကြောင်းသိရသည်။

# အားကစားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်း Gold Camp နှင့် Youth Camp တို့မှ အားကစားသမားများ၏ နေ့လယ်စာ စားသောက်နေမှုများအား ကြည့်ရှုစစ်ဆေးခြင်းနှင့် အုပ်ချုပ်သူ/နည်းပြများအား တွေ့ဆုံအမှာစကားပြောကြား

နေပြည်တော်၊ ဇွန် ၂၂

အားကစားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်းသည် တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်းရှိ (စားရိပ်သာ)၌ Gold Camp နှင့် လူငယ်အားကစားလေ့ကျင့်ရေးစခန်း Youth Camp တို့မှ အားကစားသမားများ၏ နေ့လယ်စာ စားသောက်နေမှုများအား ကြည့်ရှုစစ်ဆေးခဲ့ပြီးနောက် အုပ်ချုပ်သူ/နည်းပြများအား တွေ့ဆုံအမှာစကားပြောကြားရာတွင် အားကစားကို အောင်မြင်အောင် စေတနာထား လေ့ကျင့်ဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ အားကစားအောင်မြင်မှုတွင် နည်းပြကဏ္ဍသည်လည်း အရေးကြီးပါကြောင်း၊ နည်းပြများသည် ထူးချွန်ထက်မြက်ပြီး ဆရာစိတ် အပြည့်အဝရှိရန်လိုအပ်ကြောင်း၊ ပြောင်းလဲလာသည့် နည်းစနစ်နှင့် ဥပဒေများကို ကျွမ်းကျွမ်းကျင်ကျင် တတ်မြောက်အောင် အမြဲတမ်း လေ့လာဆည်းပူး မှတ်သားသွားရန်လိုကြောင်း၊ အားကစားတွင် အောင်မြင်မှုရရှိစေရန် ရေတို၊ ရေရှည် စီမံချက်များကို စနစ်တကျ ရေးဆွဲပြီး လေ့ကျင့်သင်ကြားပေးသွားရန်လိုကြောင်း၊ မိမိအနေဖြင့်လည်း လိုအပ်သည့် အုပ်ချုပ်/ထောက်ပံ့မှုဆိုင်ရာ ကိစ္စရပ်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ လက်ရှိစခန်းဝင် လေ့ကျင့်လျက်ရှိသည့် အားကစားနည်းများ၊ အားကစားနည်းအလိုက်

စာမျက်နှာ ၈ သို့ ►

စာမျက်နှာ ၆ မှ အဆက် ►



ဆက်လက်ပြီး မြန်မာနိုင်ငံဝူရှူးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသစ္စာက ပြိုင်ပွဲကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခြင်း၊ ပြိုင်ပွဲဝင်အားကစားသမားများက အားကစားသစ္စာအဓိဋ္ဌာန် (၄) ချက် ရွတ်ဆိုခြင်းများဆောင်ရွက်ခဲ့ပြီးနောက် ပြည်ထောင်စုဝန်ကြီးသည် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးများနှင့်အတူ ပြိုင်ပွဲဝင်အားကစားသမားများအား လိုက်လံနှုတ်ဆက်ခဲ့ပြီး အခမ်းအနားအား ရုပ်သိမ်းခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်းသည် အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဉာဏ်ဇော်ဦးနှင့်အတူ တာဝန်ရှိသူများလိုက်ပါလျက် မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်ရှိ အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး)သို့ သွားရောက်၍ ပေ ၁၂၀ x ၃၀ RC (၂) ထပ် B.Sc Sport စာသင်ဆောင်၊ ပေ ၁၂၀ x ၄၀ RC (၂)ထပ် (မြဝတီ)စာသင်ဆောင်၊ ပေ ၁၃၇ x ၄၄ RC (၂) ထပ် အားကစားနှင့်ကာယပညာ သိပ္ပံရုံးနှင့် ပေ ၁၄၀ x ၄၀ RC အမျိုးသား (၃) ထပ်ဆောင် (VIP) အသစ်တည်ဆောက်နေမှု များအား လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီးနောက် အစည်းအဝေးခန်းမ၌ အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး)တို့မှ ဝန်ထမ်းများအား တွေ့ဆုံအမှာစကား ပြောကြားရာတွင် ဝန်ထမ်းများအနေဖြင့်လည်း မြန်မာ့အားကစားကဏ္ဍ မြင့်မားစေရေးနှင့် မိမိတို့တာဝန်ကျရာ တိုင်းဒေသကြီး အားကစားအဆင့်အတန်း ပိုမိုတိုးတက်မြင့်မားလာစေရေးအတွက် အားကစားနည်းအလိုက် အခြေခံအားကစားသင်တန်းများ ဖွင့်လှစ်သင်ကြားပေးခြင်းများကို သက်ဆိုင်ရာဌာနများနှင့်ပေါင်းစပ်၍ Pilot Project တစ်ခုအဖြစ်အကောင်အထည်ဖော် ဆောင်ရွက်သွားရန် တိုက်တွန်းမှာကြားခဲ့သည်။

ဆက်လက်ပြီး အားကစားနှင့်ကာယပညာသိပ္ပံ (မန္တလေး) ကျောင်းအုပ်ကြီးနှင့် မန္တလေးတိုင်းဒေသကြီး၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးတို့က လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများနှင့်စပ်လျဉ်း၍ အသီးသီးရှင်းလင်းတင်ပြခဲ့ကြရာ ညွှန်ကြားရေးမှူးချုပ်က လိုအပ်သည်များကို ပြန်လည်ဖြည့်စွက်ဆွေးနွေးပြောကြားခဲ့ပြီးနောက် ပြည်ထောင်စုဝန်ကြီးက မြန်မာ့အားကစားအဆင့်အတန်း ပိုမိုတိုးတက်မြင့်မားလာစေရေး၊ ဝန်ကြီးဌာန၏ ရည်မှန်းချက်များနှင့် လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် စည်းလုံးညီညွတ်စွာဖြင့် အတူတကွ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန် မှာကြားခဲ့ပြီး ဝန်ထမ်းများ၏ တင်ပြချက်များနှင့် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြီး ဝန်ထမ်းများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် သင်တန်းသား/သင်တန်းသူများနှင့်အတူ နေ့လည်စာ အတူတူသုံးဆောင်ခဲ့ပြီးနောက် အုပ်ချုပ်/နည်းပြများနှင့် သင်တန်းသား/သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ အားကစားအောင်မြင်မှုတွင် အားကစားသမားများသာမက နည်းပြများသည် လွန်စွာအရေးကြီးကြောင်း၊ ဒါ့အပြင် အားကစားနှင့်ကာယပညာသိပ္ပံကျောင်းများသည် အရေးကြီးသည့် အခန်းကဏ္ဍတွင် ပါဝင်ကြောင်း၊ သိပ္ပံကျောင်းများတွင် တက်ရောက်နေကြသည့် သင်တန်းသား/သင်တန်းသူများကို အခြေခံနည်းစနစ်များအား စနစ်တကျ လေ့ကျင့်သင်ကြားပေးသွားမှသာ မြန်မာ့လက်ရွေးစင် အားကစားသမားအဆင့်ထိရောက်ရှိပြီး နိုင်ငံ့ဂုဏ်ဆောင်နိုင်သူများ ဖြစ်လာနိုင်မည်ဖြစ်ကြောင်း၊ သင်တန်းသား/သင်တန်းသူများကလည်း နည်းပြများ၏ လေ့ကျင့်သင်ကြားပေးမှုများအတိုင်း လေးစားလိုက်နာပြီး မိမိတို့ရရှိထားသည့် စံချိန်/စံညွှန်းများထက် ပိုမိုကောင်းမွန်၍ အားကစားနှင့်ပညာရေးနှစ်ခုလုံးကို အစွမ်းကုန်ဆက်လက်ကြိုးစား အားထုတ်သွားကြရန် တိုက်တွန်းမှာကြားခဲ့ပြီးနောက် အုပ်ချုပ်/နည်းပြများနှင့် သင်တန်းသား/သင်တန်းသူများ၏ လိုအပ်ချက်များအား ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ရှမ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးစိုင်းအောင်ကြည်၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့နှင့်အတူ မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာဇံမြို့နယ်ရှိ အောင်မြေမန္တလာအားကစားကွင်းသို့ သွားရောက်၍ Football for School အစီအစဉ်ဖြင့် သင်တန်းများဖွင့်လှစ် သင်ကြားပေးလျက်ရှိသည့် ဘောလုံးအားကစားနည်းတွင် နည်းပြ ၂၂ ဦးတို့က သင်တန်းသား/ သင်တန်းသူ ၇၀၀ ဦးတို့ကို အခြေခံဘောလုံးနည်းစနစ်များ လေ့ကျင့်သင်ကြားပေးနေမှုများအားလည်းကောင်း၊ ပြေးခုန်ပစ်အားကစားနည်းတွင် နည်းပြ ၅ ဦးတို့က သင်တန်းသား/သင်တန်းသူ ၁၀၀ ဦးတို့ကို အခြေခံပြေးခုန်ပစ်နည်းစနစ်များ လေ့ကျင့်သင်ကြားပေးနေမှုများအားလည်းကောင်း၊ တိုက်ကွမ်ဒိုအားကစားနည်းတွင် နည်းပြ ၃ ဦးတို့က သင်တန်းသား/သင်တန်းသူ ၅၀ ဦးတို့ကို အခြေခံနည်းစနစ်များ လေ့ကျင့်သင်ကြားပေးနေမှုများအားလည်းကောင်း လိုက်လံကြည့်ရှုအားပေးခဲ့ပြီးနောက် ရေသန့်ဗူးများနှင့် အင်အားဖြည့်အချိုရည်များအား ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

# အားကစားရေးရာဝန်ကြီးဌာန၏ ဦးဆောင်လမ်းညွှန်မှုဖြင့် အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ်တို့ ပူးပေါင်းဖွင့်လှစ်သည့် အလေးမဒိုင်နှင့်နည်းပြ မွမ်းမံသင်တန်းအမှတ်စဉ် (၁/၂၀၂၆) ဖွင့်ပွဲအခမ်းအနားကျင်းပ





နေပြည်တော်၊ ဇွန် ၂၂

အားကစားရေးရာဝန်ကြီးဌာန၏ ဦးဆောင်လမ်းညွှန်မှုဖြင့်အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံအလေးမ အဖွဲ့ချုပ်တို့ ပူးပေါင်းဖွင့်လှစ်သည့် အလေးမဒိုင်နှင့်နည်းပြမွမ်းမံ သင်တန်း အမှတ်စဉ် (၁/၂၀၂၆) ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်၊ အားကစားလေ့ကျင့်ရေးစခန်း (Gold Camp) ရှိ ဘက်စုံသုံးခန်းမ၌ကျင်းပခဲ့ရာ မြန်မာနိုင်ငံအိုလံပစ် ကော်မတီ ဥက္ကဋ္ဌ၊ အားကစားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်း၊ ဒုတိယဝန်ကြီး ဦးညီညီ၊ အမြဲတမ်းအတွင်းဝန် ဦးမျိုးကျော်သူ၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဉာဏ်ဇော်ဦးနှင့်တာဝန်ရှိသူများ၊ မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ်မှ ဥက္ကဋ္ဌ ဦးဥက္ကါအေးနှင့် တာဝန်ရှိသူများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား/သူများ တက်ရောက်ခဲ့သည်။

ဦးစွာ အခမ်းအနားအစီအစဉ်အရ သင်တန်းနည်းပြများနှင့် သင်တန်းသား/သင်တန်းသူ များက တစ်ဦးချင်း မိတ်ဆက်ဂါရဝပြုခဲ့ကြပြီးနောက် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်းက သင်တန်း

စာမျက်နှာ ၉ သို့ ►

စာမျက်နှာ ၇ မှ အဆက် ►





အားကစားသမားများနှင့် အုပ်ချုပ်သူ/နည်းပြအင်အား စာရင်းများကိုပြုစု၍ ပြန်လည်တင်ပြပေးသွားရန်လိုကြောင်း၊ နည်းပြများကိုလည်း ပြောင်းလဲတိုးတက်လာသည့် နည်းစနစ်များကိုလေ့လာနိုင်စေရန် နိုင်ငံခြားသို့ ရွေးချယ်စေလွှတ် ပေးသွားမည်ဖြစ်ကြောင်း၊ နည်းပြများသည် မိမိအားကစားသမားများနှင့်အတူ လေ့ကျင့်ချိန်နှင့် စားသောက်ချိန်များတွင်အတူတူ လိုက်ပါဆောင်ရွက်မှသာ မိမိအားကစားသမားများ၏ အားနည်းချက်/အားသာချက်များနှင့် စိတ်ပိုင်းဆိုင်ရာ ခံစားချက်များကို သိရှိနားလည်ပြီး ပံ့ပိုးကူညီပေးနိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်ပြီး တက်ရောက်လာကြသူများက အားကစားအောင်မြင်စေရန် နည်းပြနှင့်အားကစားသမား တစ်သားတည်းဖြစ်ရန်လိုအပ်ကြောင်း၊ နည်းပြများအနေဖြင့် အားကစားသမားများက အတုယူလေးစားအားကျရအောင်၊ နည်းပြကောင်းများဖြစ်အောင် ပြုမူပြောဆိုနေထိုင်သွားရန်လိုကြောင်း၊ နည်းပြများအနေဖြင့် အားကစားသမားတစ်ဦးချင်း၏ လိုအပ်ချက်များကိုမှတ်သားပြီး သင့်လျော်သည့် Training Programme များကိုနားလည်တတ်ကျွမ်းသူများနှင့်ပေါင်းစပ်ညှိနှိုင်းပြီး စနစ်တကျ ရေးဆွဲလေ့ကျင့် သင်ကြားပေးသွားနိုင်ရေးနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို ကဏ္ဍအလိုက် ဖြည့်စွက်ဆွေးနွေး ပြောကြားခဲ့ပြီးနောက် Gold Camp နှင့် Youth Camp တို့မှ အုပ်ချုပ်သူ/နည်းပြများက အားကစားနည်းအလိုက် လက်ရှိလေ့ကျင့်နေမှု အခြေအနေများ၊ အားကစားသမားအင်အားစာရင်းများ၊ အားကစားအထောက်အကူပြုပစ္စည်းများနှင့် လေ့ကျင့်ရေးသုံးပစ္စည်း လိုအပ်မှု အခြေအနေများကို အသီးသီးတင်ပြခဲ့ကြရာ ပြည်ထောင်စုဝန်ကြီးက အားကစားကဏ္ဍ ပိုမိုတိုးတက်မြင့်မားစေရေးနှင့်လာမည့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန် လေ့ကျင့်ကာလ အနည်းငယ်သာလိုတော့သည်ဖြစ်၍ ထပ်တိုးစခန်းသွင်း လေ့ကျင့်မည့်အားကစားနည်းများအား အမြန်ဆုံး လေ့ကျင့်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်သွားရန်လိုကြောင်း၊ Youth Camp ရှိ လူငယ်အားကစားသမားများထဲမှ ကြိုးစားအားထုတ်မှုရှိပြီး အရည်အချင်းပြည့်မီသူများကို Gold Camp တွင် ပြောင်းလဲလေ့ကျင့်နိုင်ရေး ဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ အောင်မြင်မှုဆုတံဆိပ်များ ရရှိစေရန်အတွက် ယခင်ထက် ပိုမိုကြိုးစားအားထုတ် လေ့ကျင့်သွားရန်လိုကြောင်း၊ မိမိအနေဖြင့်လည်း အားကစားအဖွဲ့ချုပ်များမှ ဥက္ကဋ္ဌများနှင့် ပေါင်းစပ်ညှိနှိုင်း၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ပြီး အုပ်ချုပ်သူ၊ နည်းပြများ၏ တင်ပြချက်များ၊ အခက်အခဲများနှင့် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

# အားကစားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်း Gold Camp နှင့် Youth Camp တို့မှ ဂျူဒို၊ ဝူရှူးနှင့် တိုက်ကွမ်ဒိုအားကစားသမားများ၏ လေ့ကျင့်နေမှုအား ကြည့်ရှုအားပေးခဲ့ပြီး အင်အားဖြည့်အချိုရည်များ ထောက်ပံ့ပေးအပ်






နေပြည်တော်၊ ဇွန် ၂၃

အားကစားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်းသည် အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆန်းဦးနှင့်အတူ လက်ရွေးစင်အားကစား လေ့ကျင့်ရေးစခန်း Gold Camp နှင့် လူငယ်အားကစားလေ့ကျင့်ရေးစခန်း Youth Camp တို့မှ တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့ညနေပိုင်းတွင် နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်း၌ လေ့ကျင့်လျက်ရှိသည့် Gold Camp နှင့် Youth Camp တို့မှ ဂျူဒို၊ ဝူရှူးနှင့် တိုက်ကွမ်ဒို အားကစားသမားများ၏ အားကစားနည်းအလိုက် လေ့ကျင့်နေမှုများအား လိုက်လံကြည့်ရှုအားပေးခဲ့ပြီး အုပ်ချုပ်သူ/နည်းပြများနှင့် အားကစားသမားများအားတွေ့ဆုံ၍ အားကစားနည်းအလိုက် ယခင်ရရှိထားသည့် စံချိန်/စံညွှန်းများထက် ပိုမိုကောင်းမွန်အောင် ကြိုးစားလေ့ကျင့်အားထုတ်သွားရန်လိုကြောင်း၊ အားကစားသမားများကို မိမိ၏

စာမျက်နှာ ၁၀ သို့ ►

စာမျက်နှာ ၈ မှ အဆက် ►

ဖွင့်အမှာစကားပြောကြားရာတွင် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့်ပညာရည်မြင့်မားစေရေး ဦးတည်ချက်များနှင့်အညီ အားကစားကဏ္ဍပိုမိုဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံတော်အနေဖြင့် အဘက်ဘက်မှ အားပေးပံ့ပိုးပေးလျက်ရှိကြောင်း၊ မိမိတို့ အားကစားရေးရာဝန်ကြီးဌာနအနေဖြင့်လည်း အားကစားကဏ္ဍ မြင့်မားစေရန် ရက် ၁၀၀ စီမံချက်အဖြစ် အလေးမအားကစားအဆင့်အတန်း တိုးတက်မြင့်မားစေရန်ရည်ရွယ်၍ ယခုအလေးမဒိုင်နှင့် နည်းပြမွမ်းမံသင်တန်းအားဖွင့်လှစ်သင်ကြားပေးခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံ အလေးမအဖွဲ့ချုပ်ကို မြန်မာနိုင်ငံအိုလံပစ်ကော်မတီ၏ ဦးဆောင်လမ်းညွှန်မှုဖြင့် ၁၉၄၆ ခုနှစ် မေလ ၅ ရက်နေ့တွင် စတင်ဖွဲ့စည်းခဲ့ပြီး အပြည်ပြည်ဆိုင်ရာ အလေးမအဖွဲ့ချုပ် (IWF)၊ အာရှအလေးမအဖွဲ့ချုပ်(AWF)၊ အရှေ့တောင်အာရှ အလေးမအဖွဲ့ချုပ် (SEAWF) တို့နှင့် ဆက်သွယ်၍ အလေးမ အားကစားအဆင့်အတန်း ပိုမိုဖွံ့ဖြိုးတိုးတက်စေရန် ယနေ့ထိ ချိတ်ဆက်ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံ အလေးမအဖွဲ့ချုပ်အနေဖြင့် နိုင်ငံတကာအားကစားပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ဆုတံဆိပ်များစွာကိုမလွတ်တမ်းရယူပေးနိုင်ခဲ့ပြီး သက်တမ်းကြာရှည်စွာ နိုင်ငံ့ဂုဏ်ဆောင်နိုင်ခဲ့သည့် အားကစားအဖွဲ့ချုပ်တစ်ခုလည်းဖြစ်ပါကြောင်း၊ နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများကို နိုင်ငံတော်အစိုးရ အနေဖြင့် ဂုဏ်ပြုချီးမြှောက်မှုများ ပြုလုပ်ပေးလျက်ရှိသည့်အပြင် နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားကြီးများကိုလည်း “ဝဏ္ဏကျော်ထင်ဘွဲ့” ပေးအပ်၍ နိုင်ငံတော်မှထိုက်တန်စွာ ဂုဏ်ပြုချီးမြှင့်ပေးခဲ့ပါကြောင်း၊ အားကစားကဏ္ဍ ပိုမိုတိုးတက်မြင့်မားစေရန် အားကစားသမားများအား စနစ်တကျစခန်းသွင်း လေ့ကျင့်နိုင်ရေးအတွက် အားကစားကွင်း/အားကစားရုံများ၊ အထောက်အကူပြု အားကစားပစ္စည်းများနှင့် လေ့ကျင့်ရေး အသုံးအဆောင်ပစ္စည်းများကို နှစ်စဉ်ပံ့ပိုးပေးလျက်ရှိပါကြောင်း၊ ယခုလို အလေးမဒိုင်နှင့်နည်းပြသင်တန်းများ ဖွင့်လှစ်ပေးခြင်းဖြင့် ၂၀၂၆ ခုနှစ် ဩဂုတ်လတွင် စတင်ပြောင်းလဲမည့် ဝိတ်တန်းများ၊ အခြားသော ပြုပြင်ပြောင်းလဲသတ်မှတ်ထားသည့် နည်းဥပဒေ၊ စည်းမျဉ်း/စည်းကမ်းများ၊ နိုင်ငံတကာပြိုင်ပွဲများတွင် ဆောင်ရွက်နေမှုများကို အချိန်တိုအတွင်း သိရှိလေ့လာခွင့် ရရှိနိုင်မည်ဖြစ်ကြောင်း၊ ကျန်းမာကြံ့ခိုင်သည့် လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်စေရန် အားကစားကဏ္ဍသည် အရေးကြီးသည့်အပိုင်းတွင်ပါဝင်ပါကြောင်း၊ အားကစားတွင်တာဝန်ယူဆောင်ရွက်နေသူများအနေဖြင့် ပြည်သူတစ်ရပ်လုံး အားကစားလှုပ်ရှားမှုတွင် ပူးပေါင်းပါဝင်လာအောင် စည်းရုံးလှုံ့ဆော်ခြင်းများ ဆောင်ရွက်သွားရန် တိုက်တွန်းမှာကြားလိုကြောင်း၊ အားကစားအောင်မြင်မှုတွင် အားကစားသမားများသာမက နည်းပြများ၏ အခန်းကဏ္ဍသည်များစွာအရေးပါကြောင်း၊ ထူးချွန်ထက်မြက်သည့် အားကစားသမားကောင်းများဖြစ်လာအောင် နည်းပြများအနေဖြင့် မိမိအားကစားသမားများကို နည်းစနစ်ပိုင်းသာမက အထောက်အကူပြု လေ့ကျင့်ခန်းများ၊ ပြိုင်ပွဲနှင့် ပတ်သက်သည့် ဥပဒေနှင့် စည်းမျဉ်းများ၊ အားကစားသမားကောင်း တစ်ဦးတွင်ရှိရမည့် စိတ်ဓာတ်၊ စည်းကမ်းလိုက်နာမှုတို့ကို သင်ကြားပေးသွားရမည့်အပြင် အင်အားဖြစ်စေမည့် အစာအာဟာရများကို စားသုံးတတ်စေရန်နှင့် တားမြစ်ဆေးဝါးများ၏ ဆိုးကျိုးများကို ကိုယ်တိုင်သိရှိနားလည်ပြီး ရှောင်ကြဉ်တတ်စေရန် အထူးသင်ကြားပေးရမည်ဖြစ်ကြောင်း၊ ယခုသင်တန်းသို့ တက်ရောက်လာကြသည့် သင်တန်းသားများအနေဖြင့် သင်ကြားပို့ချပေးမည့် သင်ခန်းစာများကို သေချာစွာ လေ့လာသင်ယူပြီး အလေးမအားကစားနည်းကို အဖက်ဖက်မှ တိုးတက်စေရန်နှင့် နိုင်ငံတကာ အားကစားပြိုင်ပွဲများတွင် ဆုတံဆိပ်များ ထိုက်ထိုက်တန်တန်ဖြင့် ဆက်လက်ရရှိအောင် မိမိတို့ တာဝန်ကျရာဒေသအသီးသီးတွင် မျိုးဆက်သစ်အလေးမ အားကစားသမားများအား ရှာဖွေ၊ စည်းရုံး၊ စုဆောင်းပြီး လေ့ကျင့်သင်ကြားပေးနိုင်ရေးအတွက် သင်တန်းတွင် စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးမှုများကို စိတ်ဝင်စားစွာဖြင့် ထိထိမိမိ သင်ယူလေ့လာသွားရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားခဲ့ပြီးနောက် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကူး၍ အခမ်းအနားအား ရုပ်သိမ်းခဲ့သည်။

အဆိုပါ အလေးမဒိုင်နှင့် နည်းပြမွမ်းမံသင်တန်း အမှတ်စဉ် (၁/၂၀၂၆) တွင် သင်တန်းနည်းပြ ၄ ဦးတို့က သင်တန်းသား/သင်တန်းသူ ၃၂ ဦးတို့အား နေပြည်တော်၊ အားကစားလေ့ကျင့်ရေးစခန်း(Gold Camp)ရှိ ဘက်စုံသုံးခန်းမ၌ ၂၀၂၆ ခုနှစ်၊ ဇွန်လ ၂၂ ရက်နေ့မှ ၂၆ ရက်နေ့အထိ သင်တန်းကာလ (၅) ရက်ကြာ ဖွင့်လှစ်သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

# မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသည် Gold Camp နှင့် Youth Camp တို့မှ ပြေးခုန်ပစ်၊ ပီတန်းနှင့်ပိုက်ကျော်ခြင်း အားကစားသမားများ၏ GYM လေ့ကျင့်နေမှုများနှင့် အားကစားနည်းအလိုက် လေ့ကျင့်နေမှုများအား ကြည့်ရှုစစ်ဆေး





နေပြည်တော်၊ ဇွန် ၂၅

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်းသည် အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဉာဏ်ဇော်ဦး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆန်းဦးနှင့်အတူ တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်းနှင့် ဝဏ္ဏသိဒ္ဓိအားကစားကွင်းတို့တွင် လေ့ကျင့်လျက်ရှိသည့် Gold Camp နှင့် Youth Camp တို့မှ ပြေးခုန်ပစ်၊ ပီတန်းနှင့် ပိုက်ကျော်ခြင်းအားကစားသမားများ၏ GYM လေ့ကျင့်နေမှုများနှင့် အားကစားနည်းအလိုက် လေ့ကျင့်နေမှုများအား လိုက်လံကြည့်ရှု စစ်ဆေးခဲ့သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်းရှိ GYM ခန်းမတွင် ပြေးခုန်ပစ် အားကစားသမားများ၏ ခန္ဓာကိုယ် ကျန်းမာကြံ့ခိုင်မှုရှိစေရန်အတွက် GYM လေ့ကျင့်နေမှုများအားလည်းကောင်း၊ ပီတန်းလေ့ကျင့်ရေးကွင်း၌ ပီတန်းအားကစားသမားများ၏ Event အမျိုးအစားအလိုက် လေ့ကျင့်နေမှုများအားလည်းကောင်း လိုက်လံကြည့်ရှုအားပေးခဲ့ပြီးနောက် အုပ်ချုပ်သူ/နည်းပြများနှင့် အားကစားသမားများအားတွေ့ဆုံ၍ ဆုတံဆိပ် မျှော်မှန်းနိုင်သည့် အားကစားသမားများအား အပိုထပ်ဆောင်းထောက်ပံ့မှုများ ပြုလုပ်ပေးနိုင်ရေးအတွက် အားကစားသမားများ၏ တစ်ဦးချင်း ကိုယ်ရေးအချက်အလက်၊ ဆုတံဆိပ်ရရှိထားမှုနှင့် ဆုတံဆိပ်မျှော်မှန်းနိုင်သည့် အားကစားသမားများအား အားကစားနည်းအလိုက် အဆင့်သတ်မှတ်၍ အင်အားစာရင်း အတိအကျကို စိစစ်ခွဲထုတ်ပေးပြီး ပြန်လည် တင်ပြပေးသွားရန်၊ စခန်းဝင်လေ့ကျင့်မှု ပြုလုပ်သည့်အချိန်တွင် လက်ရည်ဆန်းစစ်ခြင်းနှင့် လေ့ကျင့်မှု ကာလပြုလုပ်ပြီး ၃ လ အကြာတွင် လက်ရည်တိုးတက်မှု ရှိ/မရှိ ထပ်မံဆန်းစစ်ခြင်းများ ပြုလုပ်ဆောင်ရွက်သွားရန်၊ ထပ်တိုးစခန်းသွင်းလေ့ကျင့်မည့် အားကစားနည်း၊ အားကစားသမားအင်အားစာရင်းများအတိုင်း အမြန်ဆုံး စခန်းဝင်လေ့ကျင့်နိုင်ရေးအတွက် သက်ဆိုင်ရာ အားကစားအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် ချိတ်ဆက်၍ စီစဉ်ဆောင်ရွက်သွားရန်၊ ပြည်ပပြိုင်ပွဲများ စေလွှတ်ပေးနိုင်ရေးအတွက် ချိတ်ဆက်ဆောင်ရွက်သွားရန်နှင့် အားကစားသမား အချင်းချင်း လက်ရည်ဆန်းစစ်ခြင်းများ ပြုလုပ်ပေးပြီး ပြိုင်ပွဲအတွေ့အကြုံများ ရရှိစေအောင် လစဉ်ပြိုင်ပွဲများကို ပြုလုပ်လေ့ကျင့်ပေးသွားရန်၊ ပိုက်ကျော်ခြင်း အားကစားနည်းအတွက် Event အမျိုးအစား အလိုက် အင်အားပြည့် စခန်းသွင်းလေ့ကျင့်နိုင်ရေးအတွက် မျိုးဆက်သစ် အားကစားသမားများရရှိအောင် အမြန်ဆုံးရွေးချယ်ပြီး စခန်းသွင်းလေ့ကျင့်နိုင်အောင် စီစဉ်ဆောင်ရွက်သွားရန်နှင့် အားကစားသမားများအား စည်းကမ်းကောင်းမွန်အောင် စနစ်တကျလေ့ကျင့် သင်ကြားပေးသွားရန် တာဝန်ရှိသူများကို လိုအပ်သည်များမှာကြားခဲ့ပြီး အားကစားသမားများ၏ ဘဝနောင်ရေးအတွက် အထောက်အကူဖြစ်စေရန် အရည်အချင်းသတ်မှတ်ချက်နှင့်ပြည့်မီပြီး အားကစားတွင်စိတ်နှစ်၍ ကြိုးစားအားထုတ်လေ့ကျင့်နေသူများကို ဝန်ထမ်းခန့်အပ်ပေးသွားမည်ဖြစ်၍ အားကစားသမားများကလည်း ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ အစွမ်းကုန်ကြိုးစားအားထုတ်သွားရန် တိုက်တွန်းပြောကြားခဲ့ကြောင်း သိရသည်။

---

စာမျက်နှာ ၉ မှ အဆက်

သားသမီးများကဲ့သို့ ဂရုစိုက်စောင့်ရှောက်ပြီး သွန်သင်ဆုံးမပေးသွားရန်လိုကြောင်း၊ အုပ်ချုပ်ထောက်ပံ့မှုများနှင့် ပတ်သက်ပြီး လိုအပ်သည်များကို အချိန်နှင့်တစ်ပြေးညီ သတင်းပို့တင်ပြပေးသွားရန်နှင့် အားကစားသမားများ အနေဖြင့်လည်း နည်းပြဆရာများ၏ သင်ကြားလေ့ကျင့်ပေးမှုအတိုင်း ဂရုစိုက် လိုက်နာသွားရန်နှင့် အောင်မြင်မှုရရှိပြီး နိုင်ငံ့ဂုဏ်ဆောင်နိုင်အောင်ကြိုးစားလေ့ကျင့်သွားရန်လိုကြောင်း၊ မိမိအနေဖြင့်လည်း လိုအပ်သည့် အုပ်ချုပ်/ထောက်ပံ့မှုဆိုင်ရာ ကိစ္စရပ်များကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် သက်ဆိုင်ရာ အားကစားကွင်း/အားကစားရုံများတွင် အားကစားနည်းအလိုက် လေ့ကျင့်နေမှုများကို တာဝန်ရှိသူများနှင့်အတူ လိုက်လံကြည့်ရှု အားပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ပြီးနောက် လေ့ကျင့်မှုအပြီး ကုန်ခမ်းသွားသည့်အားအင်များ ပြန်လည်ပြည့်ဝစေရန် အုပ်ချုပ်သူ/နည်းပြများနှင့် အားကစားသမားများအတွက် အင်အားဖြည့်အချိုရည်များကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

---

**အမျိုးသားအားကစား တိုးတက်ရေး**

**လူချွန်လူကောင်း ပျိုးထောင်ပေး**

## ၂၀၂၆ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့အထိမ်းအမှတ် မြားပစ်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ





နေပြည်တော်၊ ဇွန် ၃၀

၂၀၂၆ ခုနှစ်၊ ဇွန်လ ၂၃ ရက်နေ့တွင်ကျရောက်သည့် အပြည်ပြည်ဆိုင်ရာအိုလံပစ်နေ့ကို ဂုဏ်ပြုသောအားဖြင့် အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့အထိမ်းအမှတ် မြားပစ်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်၊ ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ မြားပစ်လေ့ကျင့်ရေးကွင်း၌ကျင်းပခဲ့ရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်း၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီး ဦးညီညီ၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ တွဲဖက်အတွင်းရေးမှူး(၁)၊ အမြဲတမ်းအတွင်းဝန်၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ တွဲဖက်အတွင်းရေးမှူး (၂)၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဉာဏ်ဇော်ဦးနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဖြိုးကိုကိုတင့်ဆန်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

ယနေ့ပြိုင်ပွဲ ပွဲစဉ်များအဖြစ် (အမျိုးသား/အမျိုးသမီး) Recurve နှင့် Compound Ranking Round ပြိုင်ပွဲတွင် မြား (၃)ချောင်း (၆) ကြိမ် စုစုပေါင်း မြား(၁၈)ချောင်း ပစ်ခတ်ခြင်း၊ အကြိုဗိုလ်လုပွဲနှင့် ဗိုလ်လုပွဲ ပွဲစဉ်များကို ယှဉ်ပြိုင်ပစ်ခတ်ခဲ့ကြပါသည်။

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပခဲ့ရာ (အမျိုးသား/အမျိုးသမီး) အတိုးတက်ဆုံး အားကစားသမားဆုရရှိခဲ့ကြသည့် မောင်မျိုးသူရမျိုးဆက်နှင့် မနီနီဝင်းတို့ကို မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ်ဥက္ကဋ္ဌက လည်းကောင်း၊ ၁၅ မီတာ Recurve တစ်ဦးချင်းပြိုင်ပွဲတွင် ဆုရရှိခဲ့ကြသည့် မောင်မျိုးသူရမျိုးဆက်(ပထမ)၊ မောင်ရဲရင့်ပိုင် (ဒုတိယ)နှင့် မောင်ချစ်ဦး(တတိယ)တို့ကို မြန်မာနိုင်ငံအိုလံပစ်ကော်မတီ တွဲဖက်အတွင်းရေးမှူး(၂)၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် မြန်မာနိုင်ငံအိုလံပစ်ကော်မတီ တွဲဖက်အတွင်းရေးမှူး(၁)၊ အားကစားရေးရာဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်တို့ကလည်းကောင်း၊ ၃၀ မီတာ Compound တစ်ဦးချင်းပြိုင်ပွဲတွင် ဆုရရှိခဲ့ကြသည့် မနီနီဝင်း(ပထမ)၊ မောင်ဝေယံထက်(ဒုတိယ)နှင့် မပွင့်မာလာသော်(တတိယ)တို့ကို မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ၊ အားကစားရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညီညီကလည်းကောင်း၊ ၃၀ မီတာ Recurve တစ်ဦးချင်းပြိုင်ပွဲတွင် ဆုရရှိခဲ့ကြသည့် မစန္ဒာစိုးထွန်း(ပထမ)၊ မချိုချိုဇင်(ဒုတိယ)နှင့် မမိုးစက်တင်(တတိယ)တို့ကို မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ၊ အားကစားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်းကလည်းကောင်း တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုများကို အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

## အားကစားရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညီညီ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အားကစားကွင်း/ အားကစားရုံများနှင့် Football For School အစီအစဉ်အရ ဘောလုံးအပါအဝင် အခြားသော အားကစားနည်းများ၏ အခြေခံအားကစားသင်တန်း ဖွင့်လှစ်သင်ကြားပို့ချ လေ့ကျင့်ပေးနေမှုအခြေအနေများအား လိုက်လံကြည့်ရှုစစ်ဆေး





နေပြည်တော်၊ ဇွန် ၄

အားကစားရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညီညီသည် အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆန်းဦးနှင့်တာဝန်ရှိသူများလိုက်ပါလျက် ယမန်နေ့ နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အားကစားကွင်း/ အားကစားရုံများနှင့် Football For School အစီအစဉ်အရ ဘောလုံး အပါအဝင် အခြားသောအားကစားနည်းများ၏ အခြေခံ အားကစားသင်တန်း ဖွင့်လှစ်သင်ကြားပို့ချလေ့ကျင့်ပေးနေမှု အခြေအနေများအား လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။

ဦးစွာ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မန္တလေးတိုင်းဒေသကြီး

စာမျက်နှာ ၁၂ သို့ ►

# ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုး တိုင်းဒေသကြီးနှင့်ပြည်နယ် အသက်(၂၅)နှစ်အောက် အမျိုးသား၊ အမျိုးသမီးဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲတက်ရောက်





တောင်ကြီး၊ ဖွန် ၁၀

၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ်အသက်(၂၅)နှစ်အောက် အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲကို ဖွန်(၁၀) နံနက်(၁၀)နာရီခွဲက တောင်ကြီးမြို့ ပြည်နယ်အားကစားလေ့ကျင့်ရုံ၌ ကျင်းပရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ၊ အားကစားရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးနှင့်တာဝန်ရှိသူများ၊ အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုးက ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် ဘော်လီဘောပြိုင်ပွဲကို ရှမ်းပြည်နယ်က အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ အားကစားသမားများအတွက် တည်းခိုနေထိုင်၊ စားသောက်ရေးကိစ္စရပ်များကိုလည်း အဆင်ပြေချောမွေ့အောင် စီစဉ်ဆောင်ရွက်ထားရှိပါကြောင်းနှင့် လှိုက်လှဲစွာ ကြိုဆိုပါကြောင်း၊ ယနေ့ကျင်းပပြုလုပ်သည့် တိုင်းဒေသကြီးနှင့်ပြည်နယ် ဘော်လီဘောပြိုင်ပွဲသည် သာမာန်အားကစားပြိုင်ပွဲတစ်ရပ် မဟုတ်ပါကြောင်း၊ နိုင်ငံတကာအလယ်မှာ ဘော်လီဘောအားကစားနည်းဖြင့် ဂုဏ်ယူဝံ့ကြွားနိုင်ရန် အထောက်အကူပြုဖြစ်စေမည့် ပြိုင်ပွဲ တစ်ရပ်ဖြစ်ပါကြောင်း၊ အားကြိုးမာန်တက်ယှဉ်ပြိုင်ကြပြီး အားကစားစွမ်းရည်နှင့်နိုင်ငံ၏ဂုဏ်သိက္ခာကို မြှင့်တင်နိုင်အောင်အထူးကြိုးပမ်းဆောင်ရွက်သွားကြရန် အလေးအနက်ထား မှာကြားလိုကြောင်း၊ မိမိတို့ဒေသအတွင်းရှိ ပြည်သူတစ်ရပ်လုံး အားကစားကိုစိတ်ဝင်စားလာပြီး မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွက်လာစေရန်အတွက် ရပ်ကွက်၊ ကျေးရွာများကစပြီး မြို့နယ်ပေါင်းစုံ အားကစားပြိုင်ပွဲများ၊ ခရိုင်ပေါင်းစုံပြိုင်ပွဲများကို နှစ်စဉ်အားကစားပြက္ခဒိန်

စာမျက်နှာ ၁၃ သို့ ►

စာမျက်နှာ ၁၁ မှ အဆက် ►

ပြင်ဦးလွင်ခရိုင် အားကစားကွင်းအတွင်းရှိ Synthetic ပြေးလမ်း၊ ဘောလုံးကွင်း၊ ပွဲကြည့်စင်၊ မိုးလုံလေလုံအားကစားရုံ၊ Gym အားကစားခန်းမနှင့် ဧည့်ရိပ်သာပြင်ဆင်ထားရှိမှု အခြေအနေတို့အား လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး အားကစားကွင်း/အားကစားရုံ အစဉ်အမြဲသန့်ရှင်းသာယာလှပစေရေး၊ မြက်ခင်းများ စိမ်းလန်းစိုပြေစေရေး၊ ရေဖြန်းစနစ်များကောင်းမွန်စေရေး၊ ရေလုံလောက်စွာရရှိစေရေးနှင့် မကြာမီ မိုးတွင်းကာလရောက်ရှိတော့မည်ဖြစ်၍ ရေစီး ရေလာကောင်းမွန်စေရေးအတွက် ရေနုတ်မြောင်းများကို ပုံမှန်ရှင်းလင်းဆောင်ရွက်သွားရန် တာဝန်ရှိသူများကို လိုအပ်သည်များ မှာကြားခဲ့သည်။

ဆက်လက်ပြီး ဒုတိယဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ ပြင်ဦးလွင်ခရိုင် အားကစားနှင့်ကာယပညာဦးစီးဌာနရုံး၌ အရာထမ်း၊ အမှုထမ်းများအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ ဒေသတွင်းအားကစားအဆင့်အတန်း တိုးတက်မြင့်မားလာစေရေးနှင့် မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွက်လာစေရေးတို့အတွက် ရေတို၊ ရေရှည် စီမံချက်များရေးဆွဲပြီး ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများတွင် အားကစားပြိုင်ပွဲများကို စဉ်ဆက်မပြတ်ကျင်းပပေးသွားရန်နှင့် Football For School အစီအစဉ်အရ ဘောလုံးအခြေခံအားကစားသင်တန်းများကို အခြေခံပညာကျောင်းများတွင် သင်ကြားလေ့ကျင့်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့်ပေါင်းစပ်၍ သင်တန်းများ ဖွင့်လှစ်သင် ကြားပို့ချပေးခြင်းများကို အကောင်အထည်ဖော်နိုင်ရေး စီစဉ်ဆောင်ရွက်သွားရန် မှာကြားခဲ့ပြီးနောက် ဝန်ထမ်းများ၏ အခက်အခဲများနှင့် တင်ပြချက်များအား ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်ပြီး ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်ရှိ ရွှေမန်းတောင် အားကစားကွင်းအားလည်းကောင်း၊ ချမ်းအေးသာစံမြို့နယ်၊ ဗထူးအားကစားကွင်းရှိ ဗထူးမိုးလုံလေလုံ အားကစားရုံတို့အားလည်းကောင်း၊ ဗထူးအားကစားကွင်းအတွင်း Football For School အစီအစဉ်အရ ဘောလုံး၊ ဝူရှူး၊ တိုက်ကွမ်ဒို၊ မြန်မာ့သိုင်းနှင့် ကရာတေးအားကစားနည်းများတွင် အားကစားနည်းအလိုက် သင်တန်းနည်းပြ ဆရာများက သင်တန်းသား/သင်တန်းသူများအား အခြေခံနည်းစနစ်များကို စနစ်တကျ ဖွင့်လှစ်သင်ကြားလေ့ကျင့်ပေးနေမှု အခြေအနေများအားလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ကာယဗလနှင့်ကာယကြံ့ခိုင်မှု အားကစားခန်းမနှင့် စားပွဲတင်တင်းနစ်အားကစားရုံတို့အားလည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်များအတိုင်း မြန်မာ့အားကစားကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန် အများပြည်သူ စိတ်ပါဝင်စားသည့် ဘောလုံးအားကစားနည်းအပါအဝင် အခြားသော အားကစားနည်းများကိုလည်း ယခုလိုသင်တန်းများ ဖွင့်လှစ်သင်ကြားပို့ချပေးခြင်းသည် မျိုးဆက်သစ်အားကစားသမားများစွာ ပေါ်ထွက်လာစေရေးအတွက်များစွာ အထောက်အကူဖြစ်ပါကြောင်း၊ Smart School ဖြစ်စေရန် အခြေခံပညာကျောင်းများတွင် အားကစားနည်း အခြေခံသင်တန်းများ ဖွင့်လှစ်သင်ကြားပေးနိုင်ရေးအတွက် အခြေခံပညာကျောင်းများနှင့် ဆက်လက်ပူးပေါင်း အကောင်အထည်ဖော် ဆောင်ရွက်သွားရန်လိုကြောင်း၊ တိုင်းဒေသကြီး အားကစားအဆင့်အတန်းပိုမိုတိုးတက်မြင့်မားလာစေရေးနှင့် အားကစားကွင်း/အားကစားရုံ ရေရှည်တည်တံ့စေရေးတို့အတွက် ပုံမှန်ထိန်းသိမ်းဆောင်ရွက်သွားရန် တာဝန်ရှိသူများကို လိုအပ်သည်များမှာကြားခဲ့ကြောင်း သိရသည်။

# အားကစားရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးညီညီ အားကစားနှင့်ကာယပညာဦးစီးဌာန ရှမ်းပြည်နယ်/ ခရိုင်/ မြို့နယ်မှ အရာထမ်း/အမှုအထမ်းများနှင့် တွေ့ဆုံပွဲတက်ရောက်






တောင်ကြီး၊ ဇွန် ၁၀

မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ၊ အားကစားရေးရာ ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးညီညီသည် အားကစားနှင့်ကာယ ပညာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ရှမ်းပြည်နယ် အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးနှင့်အတူ ဇွန်လ(၁၀)ရက်နေ့ မွန်းလွဲပိုင်းက တောင်ကြီးမြို့၊ ရှမ်းပြည်နယ် အားကစားနှင့်ကာယပညာဦးစီးဌာန အစည်းဝေးခန်းမ၌ ပြည်နယ်၊ ခရိုင်၊ မြို့နယ်မှ အရာထမ်း/အမှုထမ်းများနှင့် တွေ့ဆုံပွဲသို့ တက်ရောက် ခဲ့သည်။

ဦးစွာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ၊ အားကစား ရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးညီညီက အဖွင့်အမှာစကား ပြောကြားရာတွင် အရည်အသွေးပြည့်ဝသည့် အားကစားသမား များကို စဉ်ဆက်မပျက်ရှာဖွေပြုစုပျိုးထောင်ပေးကြရန် လိုအပ်ပါ ကြောင်း၊ ထူးချွန်ထက်မြက်သည့် အားကစားသမားများပေါ်ပေါက် လာစေရန် ငယ်စဉ်ကတည်းက မျိုးစေ့ချပြုစုပျိုးထောင်ပေးကြရန် လိုအပ်ပါကြောင်း၊ သက်ဆိုင်ရာ ခရိုင်/မြို့နယ်များအလိုက် အားကစား ပြိုင်ပွဲများကို စဉ်ဆက်မပျက် ကျင်းပပေးကြရန်လိုအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ရှမ်းပြည်နယ် အားကစားနှင့်ကာယပညာဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူးက ရှမ်းပြည်နယ်နှင့်ပတ်သက်သော လုပ်ငန်း ဆောင်ရွက်ချက်များအား ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြ သူများမှ အထွေထွေဆွေးနွေးတင်ပြကြရာ အားကစားရေးရာ ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် Pilot project အစီအစဉ်ဖြင့် Football for School program အရ အရည်အချင်းမြင့်မားသည့် အားကစားသမားများ ပေါ်ပေါက်လာ စေရေးနှင့် တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးစသည့် ရည်ရွယ်ချက် များဖြင့် ဘောလုံးသင်တန်း လေ့ကျင့်သင်ကြားပို့ချပေးနေမှု အခြေအနေ များကို လှည့်လည်ကြည့်ရှုအားပေးပြီး ဒုတိယဝန်ကြီးက လိုအပ် သည်များ မှာကြားခဲ့သည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် ပြည်နယ် အားကစားလေ့ကျင့်ရေးဝန်း၌ နေ့စဉ်လေ့ကျင့်သင်ကြားပေးလျက် ရှိသည့် ဘော်လီဘောအားကစားနည်းနှင့် ဘတ်စကက်ဘော အားကစားနည်း လေ့ကျင့်သင်ကြားပေးနေမှုအားလည်းကောင်း၊ လက်ဝှေ့အားကစားရုံနှင့် ဘီလိယက် လေ့ကျင့်ကစားနေမှုအား လည်းကောင်း၊ Gym အားကစားခန်း၌ Gym ကစားနေမှုအား လည်းကောင်း၊ တိုက်ကွမ်ဒိုအားကစားနှင့် စားပွဲတင်တင်းနစ်ကစား နေမှုအားလည်းကောင်း၊ ဗိုဗီနမ်အားကစားနှင့်ဝူရှူး အားကစား လေ့ကျင့်နေမှုအခြေနေများကို ကြည့်ရှုအားပေးပြီး တာဝန်ရှိသူများ၏ တင်ပြမှုများအပေါ် ဒုတိယဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

---

စာမျက်နှာ ၁၂ မှ အဆက်

ရေးဆွဲပြီး စနစ်တကျအကောင်အထည်ဖော် ဆောင်ရွက်ပေးစေလို ကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ၊ အားကစားရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညီညီက အဖွင့် အမှာစကားပြော၍ ပြိုင်ပွဲအား ဖွင့်လှစ်ပေးပြီး ပြိုင်ပွဲဝင်အားကစား သမားများက အားကစားသစ္စာအဓိဋ္ဌာန် (၄) ချက် ရွတ်ဆိုကြသည်။

၎င်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ပြိုင်ပွဲဝင်အားကစားသမားများနှင့် ဘော်လီဘောဒိုင်အဖွဲ့များအား လိုက်လံနှုတ်ဆက်ကြပြီး ရှမ်းတိုင်းရင်းသားရိုးရာ ကိန္နရီ၊ ကိန္နရာ၊ တိုးနယားအကများဖြင့်လည်းကောင်း၊ ပညာရေးဒီဂရီကောလိပ် ကျောင်းမှ သင်တန်းသား၊ သင်တန်းသူများမှ "သွေးကြောထဲက အားမာန်"သီချင်းဖြင့်လည်းကောင်း သရုပ်ပြဖျော်ဖြေ တင်ဆက် ကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုးက အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်းမှ ဘင်ခရာတပ်ဖွဲ့၊ ကိန္နရီ၊ ကိန္နရာ၊ တိုးနယားအဖွဲ့၊ ပညာရေးဒီဂရီကောလိပ်အဖွဲ့တို့အား ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ခဲ့ပြီး ပြိုင်ပွဲအမျိုးသား ပထမပွဲစဉ် အဖြစ် ရှမ်းပြည်နယ်အသင်းနှင့် မွန်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင် ကစားနေမှုကို ကြည့်ရှုအားပေးခဲ့ကြကြောင်းသိရှိရသည်။

ဆက်လက်၍ မွန်းလွဲ(၂)နာရီက တောင်ကြီးမြို့၊ ရှမ်းပြည်နယ် အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ကျင်းပသော ရှမ်းပြည်နယ် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ မတည်ထောက်ပံ့ငွေ ဆောင်ရွက်မှု အခြေအနေ ရှင်းလင်းတင်ပြခြင်းအခမ်းအနားသို့ ရှမ်းပြည်နယ် ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ တိုင်းရင်းသားရေးရာဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ သက်ဆိုင်ရာပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံ့စီးပွားမြှင့်တင်ရေးစီမံကိန်း ကြီးကြပ်မှုကော်မတီ အတွင်းရေးမှူး ဦးမောင်မောင်လွင်က လုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး တက်ရောက်လာသည့် ပြည်နယ်အဆင့်ဌာန ဆိုင်ရာများမှ တာဝန်ရှိသူများ၊ ပြည်နယ်ဝန်ကြီးများက အထွေထွေ ဆွေးနွေးတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုးက လိုအပ်သည်များဖြည့်စွက်ဆွေးနွေး၍ လုပ်ငန်းလမ်းညွှန် အမှာစကား ပြောကြားခဲ့ကြောင်းသိရှိရသည်။

# အားကစားရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးညီညီ အားကစားနှင့်ကာယပညာသိပ္ပံ(တောင်ကြီး)ရှိ ဝန်ထမ်းများနှင့်တွေ့ဆုံပွဲတက်ရောက်၊ ရွှေညောင်မြို့နယ်အားကစားကွင်းနှင့် ကလောမြို့နယ် အားကစားကွင်းများအား ကွင်းဆင်းကြည့်ရှုစစ်ဆေး





တောင်ကြီး၊ ဇွန် ၁၁

မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ၊ အားကစားရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးညီညီသည် အားကစားနှင့်ကာယပညာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ရှမ်းပြည်နယ် အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး၊ အားကစားနှင့်ကာယပညာသိပ္ပံ (တောင်ကြီး)မှ ကျောင်းအုပ်ကြီးတို့နှင့်အတူ ဇွန်လ (၁၁) ရက် နံနက်ပိုင်းက အားကစားနှင့်ကာယပညာသိပ္ပံ (တောင်ကြီး)ရှိ ဘက်စုံသုံးခန်းမ၌ အားကစားနှင့်ကာယပညာသိပ္ပံ (တောင်ကြီး)မှ ဝန်ထမ်းများနှင့် တွေ့ဆုံပွဲသို့ တက်ရောက်ခဲ့သည်။

ဦးစွာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ၊ အားကစားရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးညီညီက အဖွင့်အမှာစကားပြောကြားရာတွင် မျိုးဆက်သစ်အားကစားသမားများ စဉ်ဆက်မပြတ်ရရှိစေရန် ရေတို၊ ရေရှည် စီမံချက်များရေးဆွဲ၍ စနစ်တကျအကောင်ထည်ဖော် ဆောင်ရွက်သွားရန်လိုအပ်ပါကြောင်း၊ အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုများ ယခင်ထက် ပိုမိုရရှိစေရန် နည်းပြနှင့် အားကစားသမားများက ခံယူချက်ထားပြီး ကြိုးစားဆောင်ရွက် သွားကြရန်လိုအပ်ပါကြောင်း၊ အားကစားမြင့်တင်ခြင်းသည် နိုင်ငံတော်ကိုကာကွယ် စောင့်ရှောက်ခြင်းဖြစ်သည့်အတွက် အားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပြီး နိုင်ငံ့ဂုဏ်ကိုမြှင့်တင်ကြရန်လည်း လိုအပ်ပါကြောင်း ပြောကြားခဲ့သည်။

ထို့နောက် အားကစားနှင့်ကာယပညာသိပ္ပံ (တောင်ကြီး) ကျောင်းအုပ်ကြီးမှ ကျောင်း၏လိုအပ်ချက်များကို ရှင်းလင်းတင်ပြခဲ့ပြီး တက်ရောက်လာသော ဝန်ထမ်းများက အထွေထွေ ဆွေးနွေးတင်ပြခဲ့ကြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်တာဝန်ရှိသူများသည် အားကစားနှင့်ကာယပညာသိပ္ပံ (တောင်ကြီး)ရှိ ရေကူးကန်၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်း၊ လက်တွေ့လေ့ကျင့်ရေးရုံတို့အားလည်းကောင်း၊ ပြေးခုန်ပစ်ကွင်းနှင့်ဘောလုံးကွင်းတို့အားလည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး အားကစားသမားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးခဲ့သည်။

ဆက်လက်ပြီး ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် တောင်ကြီးမြို့၊ ရွှေညောင်မြို့နယ် အားကစားကွင်းသို့ ရောက်ရှိပြီး အသစ်ဆောက်လုပ်ပြီးဖြစ်သည့် အားကစားရုံနှင့် အားကစားကွင်းတို့အား ကြည့်ရှုစစ်ဆေးခဲ့ပြီး အဆောက်အဦ ရေရှည်တည်တံ့စေရေးနှင့်အားကစားကွင်း ဥပစာရပ် ကောင်းမွန်ရေးတို့အတွက် ထိန်းသိမ်းဆောင်ရွက်သွားရန် တာဝန်ရှိသူများကို မှာကြားခဲ့သည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် ကလောမြို့နယ် အားကစားကွင်းသို့ရောက်ရှိပြီး ကလောမြို့နယ်မှ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ အထွေထွေတင်ပြမှုများအပေါ် ဒုတိယဝန်ကြီးက ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် ဒုတိယဝန်ကြီးသည် Pilot project အစီအစဉ်ဖြင့် Football for School program အရ အရည်အချင်းမြင့်မားသည့် အားကစားသမားများ ပေါ်ပေါက်လာစေရေးနှင့် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးစသည့် ရည်ရွယ်ချက်များဖြင့် ဘောလုံးသင်တန်း လေ့ကျင့်သင်ကြားပို့ချပေးနေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ပြီးနောက် သင်တန်းသား/သင်တန်းသူများအား အားဖြည့်အချိုရည်များပေးအပ်ခဲ့ကြောင်း သိရသည်။

## ၂၀၂၆-၂၀၂၇ ပညာသင်နှစ် အားကစားနှင့်ပညာရေးပေါင်းစပ်သင်တန်းဖွင့်ပွဲ အခမ်းအနားကျင်းပ

တောင်ကြီး၊ ဇွန် ၁၁

အားကစားရေးရာဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာန၊ အားကစားနှင့်ကာယပညာသိပ္ပံ(တောင်ကြီး) ၂၀၂၆-၂၀၂၇ ပညာသင်နှစ် အားကစားနှင့်ပညာရေးပေါင်းစပ်သင်တန်း ဖွင့်ပွဲကို ဇွန်(၁၁)ရက် နံနက်(၈)နာရီက အားကစားနှင့်ကာယပညာသိပ္ပံ (တောင်ကြီး) ဘက်စုံသုံးအားကစားခန်းမ၌ကျင်းပရာ ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုး၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ၊ အားကစားရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ပြည်နယ်ဝန်ကြီးများ၊ တိုင်းရင်းသားရေးရာဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးနှင့်တာဝန်ရှိသူများ၊ သင်တန်းသား/သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်၊ အားကစားရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများအား ၂၀၂၆-၂၀၂၇ ပညာသင်နှစ်တွင် တက်ရောက်ကြမည့် အားကစားနှင့်ပညာရေးပေါင်းစပ်သင်တန်းမှ သင်တန်းသား၊ သင်တန်းသူများမှ အားကစားနည်းအလိုက် ဂါရဝပြုမိတ်ဆက်ကြသည်။

ထို့နောက် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုးက နိုင်ငံတော်၏ ဂုဏ်သိက္ခာကို နိုင်ငံတကာအားကစားပြိုင်ပွဲများအလယ်မှာ မြှင့်တင်ပေးနိုင်မည့် အားကစားသမားလူငယ်များ မွေးထုတ်ပေးနိုင်သည့် အားကစားနှင့်ပညာရေးပေါင်းစပ်သင်တန်းကို နှစ်စဉ် ရည်မှန်းချက်များအတိုင်း အောင်အောင်မြင်မြင်ဖွင့်လှစ်နိုင်သည့်အတွက် မြန်မာ့အားကစားလောက မင်္ဂလာအပေါင်းနှင့် ပြည့်စုံသည့်နေ့၊ ရှမ်းပြည်နယ်

စာမျက်နှာ ၁၅ သို့ ▶

# ၂၀၂၆ ခုနှစ်၊ ဝန်ကြီးဌာနပေါင်းစုံအားကစားပြိုင်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပြည်ထောင်စုအဆင့်ဗဟိုအဖွဲ့အစည်းများနှင့် ပြည်ထောင်စုဝန်ကြီးဌာနများ ပေါင်းစပ်ညှိနှိုင်းအစည်းအဝေးကျင်းပ





နေပြည်တော်၊ ဇွန် ၁၆

၂၀၂၆ ခုနှစ်၊ ဝန်ကြီးဌာနပေါင်းစုံအားကစားပြိုင်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပြည်ထောင်စုအဆင့်ဗဟိုအဖွဲ့အစည်းများနှင့် ပြည်ထောင်စုဝန်ကြီးဌာနများ ပေါင်းစပ်ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်၊ ရုံးအမှတ် (၃၁)ရှိ အားကစားရေးရာဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ဦးစွာ အားကစားရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညီညီက အဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံတော်သမ္မတကြီး၏ လမ်းညွှန်ချက်ဖြင့် ပြည်ထောင်စုအဆင့် ဗဟိုအဖွဲ့အစည်းများနှင့် ပြည်ထောင်စုဝန်ကြီးဌာနများတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဝန်ထမ်းများအချင်းချင်း ချစ်ကြည်ရင်းနှီးမှု ရှိလာစေရေး၊ ဝန်ထမ်းများကျန်းမာကြံ့ခိုင်ပြီး လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရာတွင် လုပ်ငန်းခွင်အတွင်းပျော်ရွှင်စေရေးနှင့် မြန်မာ့အားကစားကဏ္ဍ တိုးတက်မြင့်မားလာစေရေးတို့အတွက် ရည်ရွယ်၍ မိမိတို့ဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ်များပူးပေါင်း၍ ဝန်ကြီးဌာနပေါင်းစုံ အားကစားပြိုင်ပွဲအား ကျင်းပပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း၊ ယခုပြိုင်ပွဲတွင် ဘောလုံး၊ ဖူဆယ်၊ ပြေးခုန်ပစ်၊ ပိုက်ကျော်ခြင်း၊ ရိုးရာခြင်းလုံးနှင့် ဘော်လီဘော (အမျိုးသား/အမျိုးသမီး)စသည့် အားကစားနည်း(၇)နည်းအား ပြိုင်ပွဲအမျိုးအစားအလိုက် အသီးသီး ကျင်းပပေးသွားမည်ဖြစ်ကြောင်း၊ ပြိုင်ပွဲစည်းမျဉ်း/စည်းကမ်းပိုင်းများ၊ ပြိုင်ပွဲယှဉ်ပြိုင်ရေးပိုင်းဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍

စာမျက်နှာ ၁၆ သို့ ►

စာမျက်နှာ ၁၄ မှ အဆက် ►






အတွက် ဂုဏ်ယူစရာအပေါင်းနှင့်ပြည့်စုံသည့်နေ့ဟု သတ်မှတ်ရမှာဖြစ်ပါကြောင်း၊ “ယနေ့လူငယ်များသည် အနာဂတ်ကိုပိုင်စိုးသည်” ဆိုသည့် ဆောင်ပုဒ်အတိုင်း အနာဂတ်မြန်မာ့ အားကစားလောက၏ အဆင့်အတန်းသည် ယနေ့လူငယ် အားကစားသမားများအပေါ်တွင်အဓိကတည်မှီနေပြီး အားကစားလောကမှာအောင်မြင်နေသော အားကစားသမားများကို လေ့လာကြည့်ပါက အားကစားနှင့်ကာယပညာသိပ္ပံကနေ မွေးထုတ်ပေးလိုက်သည့် လူငယ်အားကစားသမားများသည် မြန်မာ့လက်ရွေးစင်အဖြစ်နှင့် ယှဉ်ပြိုင်အောင်မြင်နေမှုကိုတွေ့ရပါကြောင်း၊ အားကစားထူးချွန်ရုံသာမက နိုင်ငံ့တာဝန်ကိုလည်း တစ်ထောင့်တစ်နေရာက တာဝန်ထမ်းဆောင်နေကြသည့် ဝန်ထမ်းများစွာနှင့် နေရာကဏ္ဍအသီးသီးမှာ ရပ်တည်နိုင်သူများအဖြစ် မွေးထုတ်ပေးနိုင်ခဲ့သည့် ဘူမိနက်သန်အဖြစ် အသိအမှတ်ပြုမှတ်တမ်းတင် ဖော်ပြလိုပါကြောင်း၊ လူငယ်မောင်မယ်များကလည်း သင်တန်းကသတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများကို တိတိကျကျလိုက်နာပြီး အနာဂတ်အားကစားလောကမှာနိုင်ငံတော်ကအားထားရမည့် အားကစားသမားကောင်းများဖြစ်လာအောင် ပြင်းပြင်းထန်ထန်လေ့ကျင့်သွားကြရန်၊ အားကစားနှင့်ပညာရေးမှာထူးချွန်ပြီး ကိုယ်ရည်ကိုယ်သွေး မြင့်မားသောသူများအဖြစ်သို့ ရောက်ရှိလာစေရေးအတွက် အစွမ်းကုန်ကြိုးစားသွားကြရန် တိုက်တွန်းပြောကြားသည်။

ဆက်လက်ပြီး အားကစားရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးညီညီက အဖွင့်အမှာစကားပြောကြားပြီး ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုးက သင်တန်းအတွက် ထောက်ပံ့စရိတ်နှင့် အားကစားပစ္စည်းများပေးအပ်ရာ အားကစားနှင့်ကာယပညာသိပ္ပံ(တောင်ကြီး) မှ တာဝန်ရှိသူတစ်ဦးကလက်ခံရယူပြီး အလှူရှင်များမှပေးအပ်လှူဒါန်းပေးကြသော အလှူငွေများကို ဗမာတိုင်းရင်းသားရေးရာဝန်ကြီး ဒေါ်ခင်ထွေးအောင်က လက်ခံရယူပေး၍ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့သည်။

ယင်းနောက် ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် သင်တန်းသား၊ သင်တန်းသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကြပြီး ခန်းမအတွင်း ခင်းကျင်းပြသထားသော အထောက်အကူပြု အားကစားပစ္စည်းများအား လှည့်လည်ကြည့်ရှုခဲ့ကြကြောင်းသိရှိရသည်။

# မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ၊ အားကစားရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညီညီ ၂၀၂၆ ခုနှစ်၊ တိုင်းဒေသကြီးနှင့်ပြည်နယ်ရေကူးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်



ရန်ကုန်၊ ဇွန် ၂၄

တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ မျိုးဆက်သစ်ရေကူးအားကစားသမားများ ပေါ်ထွက်လာစေရေးနှင့် မြန်မာ့ရေကူးအားကစားအဆင့်အတန်း တိုးတက်မြင့်မားလာစေရေးကို ရည်ရွယ်၍ "၂၀၂၆ ခုနှစ်၊ တိုင်းဒေသကြီးနှင့်ပြည်နယ်ရေကူးပြိုင်ပွဲ" ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ် (ဦးဝိစာရလမ်း)ရှိ အမျိုးသားရေကူးကန်၌ ကျင်းပခဲ့ရာ မြန်မာနိုင်ငံအမျိုးသားလွှတ်တော် အခွင့်အရေးကော်မရှင် ဥက္ကဋ္ဌ ဦးသစ်လင်းအုန်း၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ၊ အားကစားရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညီညီ၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးများ၊ အားကစားနှင့်ကာယပညာ ဦးစီးဌာနမှတာဝန်ရှိသူများ၊ မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် ဒိုင်လူကြီးများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ် အသီးသီးမှ အုပ်ချုပ်သူ၊

စာမျက်နှာ ၁၆ သို့ ►

စာမျက်နှာ ၁၅ မှ အဆက် ►

ဆက်လက်ပြီး အားကစားနှင့်ကာယပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဝန်ကြီးဌာနပေါင်းစုံအားကစား ပြိုင်ပွဲတွင် ကျင်းပပေးမည့် အားကစားနည်းများ၊ ပြိုင်ပွဲကာလ၊ ပြိုင်ပွဲကျင်းပမည့် အားကစားကွင်း/အားကစားရုံများ၊ ပြိုင်ပွဲတွင် ချီးမြှင့်ပေးမည့် ဆုတံဆိပ်များနှင့် ဆုကြေးငွေများအားလည်းကောင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ်က ဝန်ကြီးဌာနပေါင်းစုံ ပြိုင်ပွဲဖြစ်၍ စည်းကမ်းတကျရှိပြီးပြိုင်ပွဲယှဉ်ပြိုင်မှု ပြင်းထန်စေလိုသည့်အတွက် ပြိုင်ပွဲစည်းမျဉ်း/စည်းကမ်းများနှင့်အညီ ဝင်ရောက်ယှဉ်ပြိုင်ရန်၊ ဒိုင်လူကြီး၏ အဆုံးအဖြတ်ကို လက်ခံနာယူပြီး ရိုင်းစိုင်းစွာ ပြုမူပြောဆိုခြင်းများကို မပြုလုပ်မိစေရန်အတွက် ပြိုင်ပွဲတွင် အဆုံးအဖြတ်ပေးနိုင်ပြီး စိတ်ကြိုက်မတတ် အုပ်ချုပ်နိုင်မည့်သူများကို တာဝန်ပေးအပ်သွားစေလိုကြောင်း၊ ပြိုင်ပွဲအနိုင်/အရှုံးအား ဆုံးဖြတ်ရာတွင် ဒိုင်လူကြီးများအနေဖြင့် သမာသမတ်ရှိစွာဖြင့် မှန်မှန်ကန်ကန် ဆုံးဖြတ်ဆောင်ရွက်ပေးနိုင်ရေးအတွက် အဖွဲ့ချုပ်မှ တာဝန်ရှိသူများကို မှာကြားထားပြီးဖြစ်ပါကြောင်း၊ အားကစားသမားများဖြစ်သည့်အတွက် အားကစားသမားနှင့်လျော်ညီသော ပုံစံ၊ ဝတ်စားဆင်ယင်မှုရှိရန်နှင့် ပြိုင်ပွဲကျင်းပရေးမှ ထုတ်ပြန်သတ်မှတ်ထားသည့် စည်းမျဉ်း/စည်းကမ်းများကို လေးစားလိုက်နာကြရန် ကြိုတင်အသိပေး မှာကြားထားစေလိုကြောင်း ဖြည့်စွက်ဆွေးနွေးတင်ပြခဲ့ပြီးနောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ပြည်ထောင်စုအဆင့် ဗဟိုအဖွဲ့အစည်းများနှင့် ပြည်ထောင်စုဝန်ကြီးဌာနများမှ တာဝန်ရှိသူများက ဝန်ကြီးဌာနများအလိုက် ပြိုင်ပွဲဝင်ရောက် ယှဉ်ပြိုင်မည့် အားကစားနည်းများနှင့် ပြိုင်ပွဲအမျိုးအစားများ၊ ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်နိုင်ရန်အတွက် စုဖွဲ့လေ့ကျင့်ပြင်ဆင်နေမှု များနှင့်စပ်လျဉ်း၍ အသီးသီးတင်ပြဆွေးနွေးခဲ့ကြသည်။

ထို့နောက် ဒုတိယဝန်ကြီးက နိဂုံးချုပ်ပြောကြားရာတွင် အစည်းအဝေးသို့ တက်ရောက်လာကြသူများအနေဖြင့် ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်မည့် အားကစားနည်း၊ ပြိုင်ပွဲအမျိုးအစား၊ အားကစားသမားအင်အားစာရင်းများနှင့်ကျင်းပမည့်အားကစားနည်းများတွင် အင်အားပြည့် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန်အတွက် မိမိတို့သက်ဆိုင်ရာ ဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များထံ ပြန်လည်တင်ပြပေးပြီး ဝင်ရောက်ယှဉ်ပြိုင်ပေးသွားစေလိုကြောင်း၊ နိုင်ငံတော်သမ္မတကြီး၏ မိန့်ခွန်းပါလမ်းညွှန်ချက်များအရ နိုင်ငံ၏ အနာဂတ်အတွက် ပညာရေးကဏ္ဍနှင့် ကျန်းမာရေးကဏ္ဍကို အခြေခံအဆင့်ကစပြီး မြှင့်တင်ပေးသွားမည်ဖြစ်ကြောင်း၊ နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတစ်ခုတည်ဆောက်ရာတွင် ပညာရည်မြင့်မားရေးနှင့်တန်းတူ ကျန်းမာကြံ့ခိုင်သည့် နိုင်ငံသားများဖြစ်လာစေရန် ပဓာနကျပါကြောင်း၊ ကျန်းမာရေးနှင့်ဆက်စပ်နေသည့်အားကစားကဏ္ဍ မြှင့်တင်ရေးကိုလည်း အလေးထားမှာကြားလိုကြောင်း၊ အားကစားကဏ္ဍ မြင့်မားလာစေရေးနှင့် ပတ်သက်၍ လူငယ်လူရွယ်များ၏ ကိုယ်လက်ကြံ့ခိုင်မှုများ တိုးတက်လာစေရေးအတွက် ပညာသင်ကြားသည့်အရွယ်တွင် အခြေခံပညာကျောင်းများ၌ ကိုယ်လက်လှုပ်ရှားမှုများနှင့် အားကစားဆောင်ရွက်မှုများကို စနစ်တကျ လုပ်ဆောင်နိုင်အောင် ဖြည့်ဆည်းဆောင်ရွက်ပေးသွားရန်နှင့် အာဟာရပြည့်ဝစွာဖြင့် စားသုံးနိုင်ရေးဆောင်ရွက်ပေးရန်လိုကြောင်း၊ အခြေခံပညာကျောင်းများတွင် ကျောင်းသား၊ ကျောင်းသူများ အားကစားပြုလုပ်နိုင်ရန်အတွက် နေရာများရှိရန်လိုကြောင်း၊ အခြေခံပညာကဏ္ဍတွင် Smart School နှင့် Football For School Program ကိုလည်း Pilot Project တစ်ခုအနေဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ "အားကစားမြှင့်တင်ခြင်းသည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ခြင်းဖြစ်သည်" ဆိုသည့် စကားနှင့်အညီ နိုင်ငံတကာမှာ အားကစားကိုအားပေးပြီး နိုင်ငံ့ဂုဏ်ကို မြှင့်တင်နေကြတာဖြစ်သလို အားကစားကဏ္ဍဖွံ့ဖြိုးတိုးတက်ဖို့ ဆောင်ရွက်ပေးသွားကြရန် လမ်းညွှန်မှာကြားခဲ့ပါကြောင်း၊ အားကစားသည် နိုင်ငံတော်၏ဂုဏ်၊ နိုင်ငံတော်၏ အားကစား အဆင့်အတန်းကို ဖော်ပြနေခြင်းဖြစ်သည့်အတွက် မိမိတို့ဝန်ကြီးဌာန အနေဖြင့် မြန်မာ့အားကစားအဆင့်အတန်း ပြန်လည်ဦးမော့လာစေရေး၊ မြန်မာ့လက်ရွေးစင်အားကစားသမားများ ပေါ်ထွက်လာစေရေးနှင့် နိုင်ငံတကာအားကစားပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်နိုင်ပြီး နိုင်ငံတော်အတွက် အောင်မြင်မှုဆုတံဆိပ်များ ရယူပေးခြင်းဖြင့် နိုင်ငံ့ဂုဏ်ဆောင်နိုင်သည့် အားကစားသမားများကို ပြုစုပျိုးထောင်မွေးထုတ်ပေးနိုင်စေရေး တို့အတွက် မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ်များနှင့် ပေါင်းစပ်၍ ယခုပြိုင်ပွဲအားကျင်းပပေးခြင်း ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနပေါင်းစုံ အားကစားပြိုင်ပွဲ စည်းကားသိုက်မြိုက်စွာဖြင့် အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အတူတကွဝိုင်းဝန်းပေါင်းစပ် ဆောင်ရွက်ပေးသွားရန် တိုက်တွန်းပြောကြားခဲ့ပြီးနောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများ၏ တင်ပြဆွေးနွေးချက်များအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပြီး အစည်းအဝေးအား ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

# မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ၊ အားကစားရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညီညီ ၂၀၂၆ ခုနှစ်၊ တိုင်းဒေသကြီးနှင့်ပြည်နယ် ရေကူးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်

ရန်ကုန်၊ ဇွန် ၂၅

အားကစားရေးရာဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ်တို့ ကြီးမှူးကျင်းပသည့် တိုင်းဒေသကြီးနှင့်ပြည်နယ် ရေကူးပြိုင်ပွဲဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ် (ဦးဝိစာရလမ်း)ရှိ အမျိုးသားရေကူးကန်၌ကျင်းပခဲ့ရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ၊ အားကစားရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညီညီ၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးများ၊ အားကစားနှင့်ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ အထူးဖိတ်ကြားထားသော ဧည့်သည်

စာမျက်နှာ ၁၈ သို့ ►

စာမျက်နှာ ၁၆ မှ အဆက် ►





နည်းပြများနှင့် အားကစားသမားများ တက်ရောက်ခဲ့ကြသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးဗိုလ်ဌေးက နှုတ်ခွန်းဆက်အမှာစကားပြောကြားရာတွင် ၂၀၂၆ ခုနှစ်၊ တိုင်းဒေသကြီးနှင့်ပြည်နယ် ရေကူးပြိုင်ပွဲကို မိမိတို့ ရန်ကုန်တိုင်းဒေသကြီးမှ အိမ်ရှင်အဖြစ်လက်ခံကျင်းပခွင့် ရသည့်အတွက် ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း၊ အားကစားစွမ်းရည်ဖြင့် နိုင်ငံတော်၏ ဂုဏ်သိက္ခာကို မြှင့်တင်နိုင်အောင် အထူးကြိုးပမ်းသွားကြစေလိုကြောင်း၊ ပြိုင်ပွဲကိုလာရောက်ယှဉ်ပြိုင်ကြသည့် ပြိုင်ပွဲဝင်အသင်းများအနေဖြင့် ပြိုင်ပွဲ စည်းမျဉ်း စည်းကမ်းများကို လေးစားလိုက်နာကြပြီး အားကစားစိတ်ဓာတ်အပြည့်အဝနှင့် မိမိတို့၏ အစွမ်းအစ အရည်အချင်းများကို အစွမ်းကုန်ဖော်ထုတ်ပြသပြီး မိမိတို့ ကိုယ်စားပြုသည့် တိုင်းဒေသကြီးနှင့်ပြည်နယ်အသင်း အောင်နိုင်ရေးအတွက် အနိုင်မခံအရှုံးမပေးဘဲ ဇွဲ၊ စိတ်ဓာတ်အပြည့်ဖြင့် တစ်ဦးနှင့်တစ်ဦး ချစ်ခင်ရင်းနှီးစွာဖြင့် စည်းကမ်းနှင့်အညီ ပြောဆိုနေထိုင်ကြပြီး ပြည်ထောင်စုစိတ်ဓာတ်ကို ဖော်ဆောင်သွားစေလိုကြောင်းနှင့် တိုင်းဒေသကြီးနှင့်ပြည်နယ်အဆင့်မှ နိုင်ငံတော်ကအားထားရမည့် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားကောင်းများဖြစ်လာအောင် ကြိုးစားသွားကြရန် တိုက်တွန်းမှာကြားခဲ့သည်။

ဆက်လက်၍ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဒုတိယ ဥက္ကဋ္ဌ၊ အားကစားရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညီညီက အဖွင့်အမှာစကား ပြောကြားရာတွင် တိုင်းဒေသကြီးနှင့်ပြည်နယ်များမှလူငယ်များ ရေကူးအားကစားနည်းကို ပိုမိုစိတ်ပါဝင်စားလာစေရေး၊ ထူးချွန်ထက်မြက်သည့် ရေကူးမျိုးဆက်သစ် လူငယ်များပေါ်ထွက်လာစေရေးတို့အတွက် ရည်ရွယ်၍ ယခု ၂၀၂၆ ခုနှစ်၊ တိုင်းဒေသကြီးနှင့်ပြည်နယ် ရေကူးပြိုင်ပွဲကို ကျင်းပပေးရခြင်းဖြစ်ပါကြောင်း၊ ရေကူးအားကစားနည်း အဆင့်အတန်း ပြန်လည်ဦးမော့လာစေရေးနှင့် ရေကူးအားကစားနည်း မျိုးဆက်မပြတ်စေရေးအတွက် ပညာရေးဝန်ကြီးဌာနနှင့် ပေါင်းစပ်ပြီး အခြေခံပညာကျောင်းများမှာ ရေကူးအားကစားနည်းကို စိတ်ပါဝင်စားလာအောင် စည်းရုံးဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ်အနေဖြင့် နိုင်ငံတကာ ရေကူးပြိုင်ပွဲများတွင် ရွှေ၊ ငွေ၊ ကြေး ဆုတံဆိပ်များကို ဆွတ်ခူးရယူပေးနိုင်ခဲ့သည့်အတွက် လာမည့်နိုင်ငံတကာရေကူး ပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်ပြီး အောင်မြင်မှုများရရှိစေရန်အတွက် အဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် အားကစားသမားများက ‘ဆ’ ထက်ထမ်းပိုး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ ယခုပြိုင်ပွဲကတဆင့် မြန်မာ့လက်ရွေးစင်အသင်းကို အင်အားဖြည့်တင်းနိုင်မည့် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများဖြစ်လာအောင် ဆက်လက်ကြိုးစားသွားကြရန် တိုက်တွန်းမှာကြားခဲ့ပြီး ၂၀၂၆ ခုနှစ်၊ တိုင်းဒေသကြီးနှင့်ပြည်နယ် ရေကူးပြိုင်ပွဲကို ဖွင့်လှစ်ပေးခဲ့သည်။

ထို့နောက် ပြိုင်ပွဲဝင်အားကစားသမားများက အားကစားသစ္စာအဓိဋ္ဌာန် ၄ ချက် ရွတ်ဆိုခဲ့ကြပြီးနောက် ဒုတိယဝန်ကြီး ဦးညီညီ၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးများသည် တာဝန်ရှိသူများနှင့်အတူ အသင်းအုပ်ချုပ်သူ/ နည်းပြများနှင့် ပြိုင်ပွဲဝင်အားကစားသမားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ပြီး ဖွင့်ပွဲအခမ်းအနားတွင် ပါဝင်ကူညီဆောင်ရွက်ပေးခဲ့ကြသည့် အ.ထ.က(၃) မင်္ဂလာတောင်ညွန့်မှ ဘင်ခရာနှင့်ပန်းပွားအဖွဲ့တို့အား မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ၊ အားကစားရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညီညီနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးဗိုလ်ဌေးတို့က ဂုဏ်ပြုချီးမြှင့်ငွေကျပ် (၅) သိန်းကို ပေးအပ်ခဲ့သည်။

ယနေ့ ၂၀၂၆ ခုနှစ်၊ တိုင်းဒေသကြီးနှင့်ပြည်နယ် (အမျိုးသား/ အမျိုးသမီး) ရေကူးပြိုင်ပွဲ ပွဲစဉ်များအဖြစ် မီတာ ၄၀၀ နှင့် မီတာ ၁၀၀ အလွတ်ကူးပြိုင်ပွဲများ၊ မီတာ ၁၀၀ (ပက်လက်ကူးပြိုင်ပွဲများ၊ ရင်ဘောင်တန်းကူးပြိုင်ပွဲများနှင့် လိပ်ပြာကူးပြိုင်ပွဲများ)၊ မီတာ ၂၀၀ လေးမျိုးကူးပြိုင်ပွဲများ၊ မီတာ(၅၀ x ၄) လွှန်းပျံလေးမျိုးကူးပြိုင်ပွဲများတွင် ရေကူးအားကစားသမားများ၏ ပြိုင်ပွဲယှဉ်ပြိုင်နေမှုများအား ကြည့်ရှုအားပေးခဲ့သည်။

အဆိုပါ ၂၀၂၆ ခုနှစ်၊ တိုင်းဒေသကြီးနှင့်ပြည်နယ် ရေကူးပြိုင်ပွဲကို ၂၀၂၆ ခုနှစ် ဇွန်လ ၂၄ ရက်နေ့နှင့် ၂၅ ရက်နေ့များတွင် အမျိုးသား/ အမျိုးသမီး ပြိုင်ပွဲ ပွဲစဉ်များကို ဆက်လက်ကျင်းပပေးသွားမည်ဖြစ်ပြီး ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနားအား ကျင်းပပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

# ၂၀၂၆ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာအိုလံပစ်နေ့အထိမ်းအမှတ် ကာယဗလနှင့်ကာယကြံ့ခိုင်မှု အားကစားပြိုင်ပွဲကျင်းပ

ရန်ကုန်၊ ဇွန် ၂၇

ဇွန်လ ၂၃ ရက်နေ့တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့ကို ဂုဏ်ပြုသောအားဖြင့် အားကစားရေးရာဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံကာယဗလနှင့်ကာယကြံ့ခိုင်မှု အားကစားအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၂၆ ခုနှစ်၊ အိုလံပစ်နေ့အထိမ်းအမှတ် ကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားပြိုင်ပွဲကို ယနေ့နံနက် ၁၀ နာရီမှစတင်၍ ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ (MCC)ခန်းမ ၌ကျင်းပခဲ့ရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ၊ အားကစားရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညီညီ၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးများ၊ အားကစားနှင့်ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံကာယဗလနှင့်ကာယကြံ့ခိုင်မှု အားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌများနှင့်တာဝန်ရှိသူများ၊ ဖိတ်ကြားထားသောဧည့်သည်တော်များ၊ အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေး

စာမျက်နှာ ၁၉ သို့ ►

စာမျက်နှာ ၁၇ မှ အဆက် ►





တော်များနှင့် တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ အားကစားသမားများ တက်ရောက်ခဲ့သည်။

ဦးစွာ ဒုတိယဝန်ကြီး ဦးညီညီ၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးများနှင့်အတူ တာဝန်ရှိသူများသည် တိုင်းဒေသကြီးနှင့်ပြည်နယ် အမျိုးသား/အမျိုးသမီး ရေကူးပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးခဲ့ပြီးနောက် ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနားအား ဆက်လက်ကျင်းပခဲ့ရာ အမျိုးသားမီတာ (၅၀) လိပ်ပြာကူး ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများကို မြန်မာနိုင်ငံ ရေကူးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးသောင်းထိုက်မင်းကလည်းကောင်း၊ အမျိုးသမီး မီတာ(၅၀) လိပ်ပြာကူးပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူး ဦးနေဝင်းအောင်ကလည်းကောင်း၊ အမျိုးသားမီတာ(၅၀)အလွတ်ကူး ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ရခိုင်တိုင်းရင်းသားရေးရာဝန်ကြီး ဦးနေမင်းထွန်းကလည်းကောင်း၊ အမျိုးသမီး မီတာ (၅၀) အလွတ်ကူးပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများကို ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ကရင်တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောဂျက်ကော့ထူးက လည်းကောင်း၊ အမျိုးသားမီတာ (၅၀x၄) လွှန်းပျံ အလွတ်ကူးပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ စည်ပင်သာယာရေးဝန်ကြီး မြို့တော်ဝန် ဦးမျိုးမြင့်အောင် ကလည်းကောင်း၊ အမျိုးသမီးမီတာ (၅၀x၄) လွှန်းပျံအလွတ်ကူး ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးစိုးဦးတို့ကလည်းကောင်း တစ်ဦးချင်းဆုတံဆိပ်များနှင့် ငွေသားဆုများကို အသီးသီးပေးအပ်ချီးမြှင့်ခဲ့သည်။

ဆက်လက်ပြီး ရွှေတံဆိပ် ၄ ဆုဖြင့် အကောင်းဆုံးအမျိုးသမီးအားကစားသမားဆုရရှိသော နေရည်လင်းထွန်း (ရန်ကုန်တိုင်းဒေသကြီး)ကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး ဒေါက်တာထူးမောင်ကလည်းကောင်း၊ ရွှေတံဆိပ် ၃ ဆုဖြင့် အကောင်းဆုံး အမျိုးသားအားကစားသမားဆုရရှိသော ဟိန်းသူရအောင် (ရန်ကုန်တိုင်းဒေသကြီး)ကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ပြန်ကြားရေး၊ ကယ်ဆယ်ရေးနှင့် သာသနာရေးဝန်ကြီး ဦးနေလင်းထွန်းတို့က Trophy နှင့် ဂုဏ်ပြုချီးမြှင့်ငွေများကိုလည်းကောင်း အသီးသီးပေးအပ်ချီးမြှင့်ခဲ့သည်။

ထို့နောက် စုစုပေါင်းရမှတ် ၁၂၅ မှတ်ဖြင့် အမျိုးသားတံခွန်စိုက်ဆုဖလားရရှိသွားသော ရန်ကုန်တိုင်းဒေသကြီးအသင်းကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးဗိုလ်ငွေးကလည်းကောင်း၊ စုစုပေါင်း ရမှတ် ၁၂၈ မှတ်ဖြင့် အမျိုးသမီးတံခွန်စိုက်ဆုဖလား ရရှိသွားသော ရန်ကုန်တိုင်းဒေသကြီးအသင်းကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ စီမံကိန်း၊ စီးပွားရေးနှင့်ဘဏ္ဍာရေးဝန်ကြီး ဒေါက်တာမေသန်းနွယ်တို့က တံခွန်စိုက်ဆုဖလားများကိုလည်းကောင်း၊ စုစုပေါင်းရမှတ် ၂၅၃ မှတ်ဖြင့် စုပေါင်းတံခွန်စိုက်ဆုဖလား ရရှိသွားသော ရန်ကုန်တိုင်းဒေသကြီးအသင်းအား မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ၊ အားကစားရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးညီညီက စုပေါင်းတံခွန်စိုက်ဆုဖလားကိုလည်းကောင်း အသီးသီးပေးအပ်ချီးမြှင့်ခဲ့ပြီး အခမ်းအနားအား ရုပ်သိမ်းခဲ့သည်။

မျိုးဆက်သစ် ရေကူးအားကစားသမားများ ပေါ်ထွက်လာစေရေး၊ ရေကူးအားကစား ပြန်လည်ဦးမော့လာစေရေးနှင့် မြန်မာ့အားကစားအဆင့်အတန်း တိုးတက်မြင့်မားလာစေရေးတို့အတွက် အဆိုပါ ၂၀၂၆ ခုနှစ်၊ တိုင်းဒေသကြီးနှင့်ပြည်နယ် ရေကူးပြိုင်ပွဲကို ၂၀၂၆ ခုနှစ် ဇွန်လ ၂၄ ရက်နေ့နှင့် ၂၅ ရက်နေ့များတွင် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ် (ဦးဝိစာရလမ်း)ရှိ အမျိုးသားရေကူးကန်၌ကျင်းပပြုလုပ်ခဲ့ရာ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ အမျိုးသားအသင်း ၁၃ သင်း၊ အမျိုးသမီးအသင်း ၁၂ သင်း၊ ပြိုင်ပွဲဝင်အားကစားသမား စုစုပေါင်းအင်အား ၂၁၄ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

# Jakarta International Roller Skating Championships 2026,Indonesia ပြိုင်ပွဲတွင် မြန်မာအသင်း ရွှေတံဆိပ်သုံးခု ၊ ကြေးတံဆိပ်တစ်ခုဆွတ်ခူး၍ ပြန်လည်ရောက်ရှိကြိုဆို





ရန်ကုန် ၊ ဇွန် ၃

အင်ဒိုနီးရှားနိုင်ငံ၌ မေလ ၂၉ ရက်မှ ၃၁ ရက်အထိ ကျင်းပသော Jakarta International Roller Skating Championships 2026, Indonesia ပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြု စကိတ်အားကစားအသင်း ရွှေတံဆိပ်သုံးခု၊ ကြေးတံဆိပ်တစ်ခု ဆွတ်ခူးရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲတွင် မီတာ ၅၀၀ တစ်ဦးချင်းပြိုင်ပွဲတွင် စီနီယာတန်း၊ အသက် ၁၆ နှစ်အောက်၊ အသက် ၁၈ နှစ်အောက်တို့တွင် ရွှေတံဆိပ်တစ်ခုစီ၊ မီတာ ၁၀၀၀၀ relay (လက်ဆင့်ကမ်း) အသင်းလိုက်ကစားရသော event မှ ရရှိခဲ့သည့် event အား ခြေစစ်အဆင့်တွင် ကာဇက်စတန်၊ အိန္ဒိယ၊ စင်္ကာပူ၊ အင်ဒိုနီးရှား အသင်းများနှင့်လည်းကောင်း၊ ဖိုင်နယ်တွင် ကာဇက်စတန်နှင့် အိန္ဒိယအသင်းများနှင့်ယှဉ်ပြိုင်ခဲ့ရပြီး တတိယကြေးတံဆိပ်ဆုရရှိခဲ့ပြီး နိုင်ငံအလိုက်အဆင့် ၆ ရရှိခဲ့သည်။

ယင်းပြိုင်ပွဲတွင် အိန္ဒိယနိုင်ငံ၊ ကိုရီးယား၊ တရုတ်(တိုင်ပေ)၊ မွန်ဂိုလီးယား၊ စင်္ကာပူ၊ အင်ဒိုနီးရှား၊ ဗီယက်နမ်၊ ကာဇက်စတန် နိုင်ငံတို့ပါဝင်ပြီး အားကစားသမား တစ်ထောင်ကျော် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

အဆိုပါပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြုအနေဖြင့် ကိုဟိန်းဇော်သိန်း (နည်းပြ/ကစားသမား) ဦးဆောင်သော အားကစားအဖွဲ့နှင့်အတူ သာကေတမြို့နယ်၊ အ.ထ.က (၃)မှ ကစားသမားများဖြစ်သူ မောင်စစ်ပိုင်မှူး၊ မောင်ဇေယျာလင်းတို့သည် ယနေ့ မွန်းလွဲပိုင်းက ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာရာ မြန်မာနိုင်ငံစကိတ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးလွင်လတ်၊ ဦးအောင်မြင့်ထွန်းနှင့်အမှုဆောင်များ၊ အားကစားနှင့်ကာယပညာဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ အားကစားနှင့်ကာယပညာသိပ္ပံ (ရန်ကုန်)မှ နည်းပြ/နည်းစနစ်မှူးများ၊ အားကစားသမားများ၊ မိဘဆွေမျိုးများက ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သိရှိရသည်။

---

စာမျက်နှာ ၁၈ မှ အဆက်







ခဲ့ကြသည်။

ယနေ့ပြိုင်ပွဲ ပွဲစဉ်များအဖြစ်သည့် အသက်(၂၁)နှစ်အောက်သက်ငယ်တန်းပြိုင်ပွဲ၊ ကာယဗလမောင် အသက် (၄၅)နှစ်နှင့်အထက် သက်ကြီးတန်းပြိုင်ပွဲ၊ အမျိုးသားကာယဗလ (၆၀၊ ၇၀၊ ၈၀)နှင့် အထက်ကီလိုတန်းပြိုင်ပွဲများ၊ Men's Athletic Physique (open)၊ Men's Sports Physique (open)၊ Women's Athletic Physique (open)၊ Women's Model Physique (open) ပြိုင်ပွဲများတွင် ကာယဗလအားကစားသမားများက ကိုယ်ခန္ဓာကျစ်လစ်ခိုင်မာမှုအား သတ်မှတ်ကိုယ်ဟန်ခုနစ်မျိုးကို နောက်ခံတေးဂီတနှင့်အတူ အသီးသီးပြသ၍ယှဉ်ပြိုင်ခဲ့ကြသည်။

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနားအား ဆက်လက်ကျင်းပခဲ့ရာ ပြိုင်ပွဲများတွင် ဆုရရှိခဲ့ကြသူများကို မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ၊ အားကစားရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညီညီ၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးများနှင့် တာဝန်ရှိသူများက တစ်ဦးချင်းဆုတံဆိပ်နှင့်ငွေသားဆုများကို အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြောင်းသိရသည်။

---

**အားကစားမြှင့်တင်**

**စိတ်လန်းရွှင်**

**ဆန့်ကျင်မူးယစ်ဆေး**

# အပြည်ပြည်ဆိုင်ရာအိုလံပစ်နေ့အထိမ်းအမှတ် လူထုလှုပ်ရှားမှုအခမ်းအနားကျင်းပ











နေပြည်တော်၊ ဇွန် ၂၇

ဇွန်လ ၂၃ ရက်နေ့တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့ကို ဂုဏ်ပြုသောအားဖြင့် အားကစားရေးရာဝန်ကြီး ဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီတို့ ပူးပေါင်းကျင်းပသည့် အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့အထိမ်းအမှတ် လူထုလှုပ်ရှားမှုအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်၊ ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ကျင်းပ ခဲ့ရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ၊ အားကစားရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်း၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ တွဲဖက်အတွင်းရေးမှူး(၁)၊ အားကစားရေးရာ ဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမျိုးကျော်သူ၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ တွဲဖက်အတွင်းရေးမှူး(၂)၊ အားကစားနှင့်ကာယ ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဉာဏ်ဇော်ဦး၊ အားကစား ရေးရာဝန်ကြီးဌာနမှ အရာထမ်း/အမှုထမ်းများ၊ ပြည်ထောင်စု နယ်မြေ နေပြည်တော်အတွင်းရှိ အသက်(၇)နှစ်မှ (၇၅)နှစ်ထိ စက်ဘီးစီးဝါသနာရှင်များ၊ လူငယ်အားကစားလေ့ကျင့်ရေးစခန်း (Youth Camp)မှ အုပ်ချုပ်သူ/နည်းပြများနှင့် အားကစားသမား စုစုပေါင်းအင်အား ၅၀၀ ဦးခန့် ပျော်ပျော်ပါးပါး ပါဝင်ဆင်နွှဲခဲ့သည်။

ဦးစွာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ၊ အားကစားရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်းနှင့် တာဝန်ရှိသူ များသည် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ အသက် (၇) နှစ်မှ (၇၅) နှစ်ထိ စက်ဘီးစီးဝါသနာရှင်များနှင့်အတူ စုပေါင်း မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးခဲ့ပြီး ခရာမှုတ်၍ စက်ဘီးစီးနင်းရန် တာလွှတ်ပေးခြင်းနှင့် အားကစားရေးရာဝန်ကြီးဌာနမှ အရာထမ်း/ အမှုထမ်းများ၊ (Youth Camp) မှ အုပ်ချုပ်သူ/နည်းပြများ၊ အားကစားသမားများနှင့်အတူ စုပေါင်းလမ်းလျှောက်ခြင်းများကို ဝဏ္ဏသိဒ္ဓိအားကစားကွင်းအရှေ့ဘက် (Gate-A)မှ စတင်ပြီး ကွင်း ပတ်လမ်းအတိုင်း ဝဏ္ဏသိဒ္ဓိအားကစားရုံ (A,B,C) အရှေ့ဘက်တွင် ပန်းဝင်၍ စုပေါင်းလမ်းလျှောက်ခြင်းများကို ပျော်ပျော်ပါးပါး ဆင်နွှဲ ခဲ့ကြသည်။

ဆက်လက်ပြီး အားကစားရေးရာဝန်ကြီးဌာနမှ အရာထမ်း/ အမှုထမ်းများ၊ စက်ဘီးစီးဝါသနာရှင်များ၊ လူငယ်အားကစား လေ့ကျင့်ရေးစခန်း (Youth Camp) မှ အုပ်ချုပ်သူ/နည်းပြများနှင့် အားကစားသမားများသည် စုပေါင်းကိုယ်လက်လှုပ်ရှားမှု သွေးပူ လေ့ကျင့်ခန်း အတွဲ ၁ နှင့် ၂ တို့ကိုလည်းကောင်း၊ ခန္ဓာကိုယ်ပေါ့ပါး ပြီး တစ်နေ့တာစိတ်အပန်းပြေစေရန် ပျော်ပျော်ပါးပါးဖြင့် စုပေါင်း၍ Zumba ကစားခဲ့ကြပြီးနောက် အခမ်းအနားတွင် ပျော်ပျော်ပါးပါး ပါဝင်ဆင်နွှဲခဲ့ကြသူများကို လန်းဆန်းစာအဖြစ် အချိုရည်နှင့် ပေါင်မုန့် များကို ပေးဝေခဲ့သည်။

အားကစားရေးရာဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာဦးစီး ဌာနနှင့် မြန်မာနိုင်ငံအိုလံပစ်ကော်မတီတို့ပူးပေါင်း၍ ဇွန်လ ၂၃ ရက်နေ့တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာအိုလံပစ်နေ့ အထိမ်းအမှတ်အဖြစ် လူထုစုပေါင်းလမ်းလျှောက်ပွဲများနှင့် အားကစား ပြိုင်ပွဲများကို နှစ်စဉ်နှစ်တိုင်း ကျင်းပပြုလုပ်လျက်ရှိကြောင်း သိရသည်။

**အားကစားအမျိုးအစား (၄) မျိုး**

၁။ Competitive Sport – ယှဉ်ပြိုင်အားကစား
၂။ Leisure Sport – အပန်းဖြေအားကစား
၃။ Traditional Sport – ရိုးရာအားကစား (ခြင်းလုံး၊ သိုင်း၊ လက်ဝှေ့၊ နပန်း၊ ကျင်၊ ထုပ်ဆီးတိုး)
၄။ Mass Sport – လူထုအားကစား

# အားကစားစဉ်ဆက်မပြတ်တိုးတက်စေဖို့ အားကစားသုတေသန ကိုအားပေးစို့

ရဲလွင်အောင်(YU)

ကျွန်တော် ယခင်လက မြန်မာ့အားကစားလောကအတွက် လိုအပ်လျက်ရှိသော အားကစားနှင့်ပညာရေးပေါင်းစပ်မှုအကြောင်း ရေးသားခဲ့ပါတယ်။ ကျွန်တော့အနေနဲ့ ကိုယ်တာဝန်ထမ်းဆောင်စဉ် တွေ့မြင်သိရှိခဲ့တဲ့အကြောင်းအရာ၊ ကိုယ်တာဝန်ထမ်းဆောင်ခဲ့တဲ့ ဌာနတဖြည်းဖြည်းစဉ်ဆက်မပြတ်တိုးတက်စေလိုတဲ့ စေတနာနဲ့ တင်ပြခြင်းဖြစ်ပါသည်ဟု ရိုးသားစွာဝန်ခံပါသည်။ ကျွန်တော့ ဆောင်းပါးကို မိတ်ဆွေတစ်ဦးကို ပေးဖတ်ကြည့်ရာ ဆောင်းပါးထဲမှာ ဘယ်လိုပေါင်းစပ်ဆောင်ရွက်ရမယ်ဆိုတာ ထည့်ရေးသင့်ကြောင်း ထောက်ပြပြောဆိုပါတယ်။ ကျွန်တော့အနေနှင့် စာရှည်သည်မှာက တစ်ကြောင်း အကောင်အထည်ဖော် ဆောင်ရွက်မည်ဆိုလျှင် လက်ရှိဌာနတွင်းရှိ သက်ဆိုင်ရာတာဝန်ရှိသူ ပညာရှင်များက စနစ်တကျ သေချာစွာ ဆောင်ရွက်နိုင်မည်ဆိုတာ ယုံကြည်မိ၍ ဖြစ်ပါတယ်။

ယခုလမှာတော့ အားကစားသုတေသနအကြောင်း ရေးချင်ပါသည်။ ဌာန၏ အနာဂတ်အတွက် နိုင်ငံတကာ အားကစားပေတံနဲ့ တိုင်းထွာကာ ရှေ့အကြီးအကဲများက အားကစားနှင့်ပညာရေးပေါင်းစပ်ရေးဌာနခွဲနှင့်အတူ အားကစားစီမံကိန်းနှင့် သုတေသနဌာနခွဲကိုပါ ၂၀၁၄ ခုနှစ်လောက်က ဖွဲ့စည်းခဲ့ပါတယ်။ အဆိုပါဌာနခွဲ၏ လုပ်ငန်းတာဝန် (၉) ရပ်ကိုလည်း ကျွန်တော်တင်ပြ လိုက်ပါသည်။ ကျွန်တော့ကို ၂၀၂၀ ပြည့်နှစ်တွင် ယခင်ဝန်ကြီးရုံး ဒုတိယညွှန်ကြားရေးမှူးရာထူးမှ အားကစားနှင့်ကာယပညာဦးစီးဌာန၊ အားကစားစီမံကိန်းနှင့်သုတေသနဌာနခွဲ ညွှန်ကြားရေးမှူးတာဝန်ဖြင့် ပြောင်းရွှေ့တာဝန်ထမ်းဆောင်စေခဲ့ပါသည်။ အဆိုပါအချိန်က ပြည်ထောင်စုဝန်ကြီးက ဝန်ကြီးရုံးခန်းသို့တွေ့ဆုံခေါ်ယူ၍ လမ်းညွှန်မှာကြားရာတွင် Research အကြောင်း သိနားလည်အောင်ကြိုးစားပါ။ သုတေသနအတွက် အားကစားဖက်မှာ ဘတ်ဂျက်မရှိသော်လည်း ကျန်းမာရေးဘက်တွင် သုတေသနရန်ပုံငွေများ ရှိပါကြောင်း၊ လိုအပ်ရင်နိုင်ငံတကာသုတေသန ရန်ပုံငွေဘက်က ရအောင်လုပ်ပေးမည်ဟု အားပေးစကားပြောကြားခဲ့သည်။ တွေ့ဆုံချိန်တွင် မိမိနှင့်အတူ ဒေါ်စိုးစိုးမြ (အဆိုပါ အချိန်က လှိုင်ကော် အား/ကာ သိပ္ပံကျောင်းအုပ်ကြီး) လည်းပါရှိပါသည်။

ကျွန်တော်လည်းလေ့လာသလို တစ်ဖက်ကသုတေသီပညာရှင်များ၏ အကူအညီများရယူလျက် သုတေသနကော်မတီ အစည်းအဝေးများ ပုံမှန်ကျင်းပနိုင်အောင်ကြိုးစားခဲ့သည်။ ကျွန်တော်တို့ အားကစားဌာနတွင် လက်ရှိအားကစားဆေးဘက်ဆိုင်ရာဌာနခွဲ ညွှန်ကြားရေးမှူး ဒေါက်တာစိုးမင်းဦးနှင့် ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာထက်ဝေတို့အနေဖြင့် ကျွန်တော့ဌာနခွဲသို့ ကိုယ်တိုင်လာရောက်ကာ သုတေသနအခြေခံနည်းပညာများ သင်ကြားပြသခြင်းအပြင် အားကစားသုတေသနအတွက် လိုအပ်သည့် အကြံဉာဏ်များလည်း ပေးကြပါသည်။ အားကစားသုတေသနလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌတာဝန်ယူခဲ့ကြသော ဒုတိယညွှန်ကြားရေးမှူးချုပ်များ ဦးကျော်ဦးနှင့် ဦးကျော်ဆန်းဦးတို့ကလည်း အတတ်နိုင်ဆုံးကူညီဖြည့်စွမ်းပေးခဲ့ကြပါသည်။ အားကစား သုတေသနလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ အစည်းအဝေးကို ၂ လလျှင်တစ်ကြိမ်နှုန်းကျင်းပ၍ သုတေသနလုပ်ငန်း ဆိုင်ရာများကို ကော်မတီတွင်ပါရှိသော အခြားဌာနခွဲများနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ ဒေါက်တာသန်းနိုင်စိုး(ယခု DDG)တို့နှင့် တိုင်ပင် ဆွေးနွေးခဲ့ကြသည်။ ဆေးသုတေသနဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာလှိုင်မြတ်သူနှင့် ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများနှင့် Videoconferencing ကျင်းပဆွေးနွေးကြသည့်အပြင်

ရန်ကုန်မြို့ စကားဝါလမ်းရှိ ကျန်းမာရေးဝန်ကြီးဌာန ဆေးသုတေသနဦးစီးဌာနသို့ ကိုယ်တိုင်သွားရောက်ကာ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ စသည့်အရာရှိကြီးများနှင့်တွေ့ဆုံကာဆွေးနွေးရင်း ဆေးသုတေသန စာကြည့်တိုက်ကိုပါ လေ့လာခွင့်ရခဲ့၍ သုတေသနဆိုင်ရာ စာအုပ် စာတမ်းများစုဆောင်းခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။ ထိုသို့အောင်မြင်အောင်ဆောင်ရွက်နိုင်ရန် ကျန်းမာရေးဝန်ကြီးဌာနမှ အားကစားစီမံကိန်းနှင့်သုတေသနဌာနခွဲသို့ ပြောင်းရွှေ့ရောက်ရှိလာသော လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်မင်းထွန်း၏ စနစ်တကျ တာဝန်အပေါ်မှာ စေတနာပေါင်းစပ်၍ ချိတ်ဆက်ပေးမှုကြောင့် အောင်မြင်စွာ ပေါင်းစပ်ဆောင်ရွက်နိုင်ခြင်းဖြစ်ပါသည်။ ဆေးသုတေသနဦးစီးဌာနက စီစဉ်ညှိနှိုင်းပေးမှုဖြင့် ကျန်းမာရေးဝန်ကြီးဌာနက နှစ်စဉ်ကျင်းပသော ကျန်းမာရေးဆိုင်ရာ သုတေသနစာတမ်းဖတ်ပွဲများသို့ အဆိုပါအချိန်က နှစ်စဉ်လိုလိုပါဝင် တက်ရောက်နိုင်ခဲ့သည်။ မိမိတို့အားကစားဌာနမှ သုတေသီများဖြစ်ကြသော ဒေါက်တာစိုးမင်းဦးနှင့် ဒေါက်တာထက်ဝေတို့ပြုစုသော သုတေသနစာတမ်းများ ဖတ်ကြားမှုကို ကိုယ်တိုင်တက်ရောက်နားထောင်ခွင့်ရခဲ့သလို နှစ်ဦးစလုံးမှာလည်း အကောင်းဆုံးသုတေသနစာတမ်းဆုများ ဆွတ်ခူးရရှိသည့်အတွက်လည်း ဝမ်းသာပီတိဖြစ်ခဲ့မိပါသည်။

ဆေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တွေ့ဆုံစဉ် ညွှန်ကြားရေးမှူးချုပ်က လက်ဆောင်ပေးသော သုတေသနကျင့်ဝတ် (Research Ethic)၊ သုတေသန လုပ်ထုံးလုပ်နည်းများ(SOP) စာအုပ်များကို ဝန်ထမ်းများနှင့်အတူ အချိန်ယူ ဘာသာပြန်ဆိုလျက် အထက်အကြီးအကဲ ထံတင်ပြကာ စာအုပ်ထုတ်ဝေ ဖြန့်ချိခဲ့ဖူးပါသည်။ဒုတိယညွှန်ကြားရေးမှူး (ငြိမ်း) ဆရာမ ဒေါ်နွဲ့ (ဒုတိယညွှန်ကြားရေးမှူး) က online မှ ဖတ်ရှုစုဆောင်းထားသော သုတေသနလက်စွဲစာအုပ်ကို အကြီးအကဲထံတင်ပြကာ ထုတ်ဝေခဲ့ဖူးသည်။ ထိုသို့ စုပေါင်းဆောင်ရွက်မှုကြောင့် လက်အောက်ဝန်ထမ်းငယ်များကအစ သုတေသနအကြောင်း တီးမိခေါက်မိကြသည်။ တီးခေါက်မိရာကတဆင့် စိတ်ဝင်စားလာကြသည်။

နိုင်ငံတကာသုံးအင်္ဂလိပ်စာအတွက်လည်း English Gramma အခြေခံကို ကျွန်တော်ကိုယ်တိုင် ဝန်ထမ်းများကိုသင်ကြားပေးသည်။ လက်အောက်ဝန်ထမ်းထဲမှ အရည်အချင်းရှိသူကိုပါ လက်ထောက်အဖြစ် သင်ကြားပြသခိုင်းသည်။ ထိုမှတဖန် Online မှ အားကစားသတင်းများကို မြန်မာဘာသာပြန်ဆိုကြသည်။

ဘာသာပြန်ဆိုရာမှာ ကျွန်တော်ကိုယ်တိုင်ဦးဆောင်သည်။ ဘာသာပြန်ဆိုချိန်ကိုလည်း အချိန်ချွေတာသည့်အနေဖြင့် နေ့လည် ထမင်းစားအပြီး ကျွန်တော်အိပ်ငိုက်မည့် အချိန်ကို ရွေးခေါ်သည်။ အစ ပထမတွင် တစ်ပတ်ကို သတင်း ၄/၅ ပုဒ်ကို စုပေါင်းဘာသာပြန် ဆိုကြသည်။ နောက်တဖြည်းဖြည်းနှင့် အဆင်ပြေသည့်အုပ်စုငယ် လေးတွေခွဲပေးကာ တစ်ဖွဲ့ခြင်းစီသီးသန့် ပြန်ဆိုစေပြီးနောက် ကျွန်တော်နှင့် တစ်ဖွဲ့ချင်းတွေ့ဆုံကာ ဘာသာပြန်ကြသည်။ ဘာသာ ပြန်ရာမှာဒီအတိုင်းမပြန်၊ ညွှန်ကြားရေးမှူးရုံးခန်းအတွင်း Projector ထိုး၍ တစ်ခါတည်းစာစီစာရိုက်ကာ all participation ဖြစ်အောင်ဆောင်ရွက်နိုင်ခဲ့သည်။ အရှိန်ရလာချိန်တွင် အုပ်စုငယ်လေးများခွဲလျက် ရုံးအကူရော နေ့စားပါမကျန် အဖွဲ့တစ်ဖွဲ့ချင်းစီမှာ ပါဝင်ဘာသာပြန်ဆိုရသည်။ ကျွန်တော် ပျော်ပါသည်။ ဘာသာပြန်ဆိုရင်း အားကစားနည်းတစ်ခု၏ သဘောသဘာဝအကြောင်း၊ အထူးသဖြင့် ဒေသတွင်း အာဆီယံနိုင်ငံအသီးသီးမှ အားကစားတိုးတက်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ချက်များကို သိရှိရသည်။ အားကစားနည်းနဲ့ပတ်သက်သော ဝေါဟာရများနှင့် ပတ်သက်၍ ဘာသာပြန်ဆိုရန် အခက်အခဲရှိပါကသက်ဆိုင်ရာ အားကစားအရာရှိများ

အချပ်ပို (ခ) သို့ ►

အချပ်ပို (က) ►

အချပ်ပို (က) မှ အဆက်

ပညာရှင်များထံ ဖုန်းဖြင့်လှမ်းမေးသည်။ ဥပမာ- ရေကူးအကြောင်းဆို ရေကူးအားကစားမှုးများဖြစ်ကြသော ကိုမြင့်လွင်၊ ကိုခင်မြင့်၊ ဘတ်စကက်ဘောအကြောင်းဆို ကိုရဲအောင် အစရှိသဖြင့် မေးမြန်းရ၍ ဝန်ထမ်းများရော ကျွန်တော်ပါ ဗဟုသုတတိုးပွားကြသည်။ မိမိတို့ ညွှန်ကြားရေးမှူးချုပ်ကလည်း သုတေသနသင်တန်းများ တက်ရောက် သူများကို ဌာနဘတ်ဂျက်ခေါင်းစဉ်မရှိသည့်ကြားကပင် မဖြစ်ဖြစ်အောင် ငွေကြေးထောက်ပံ့ပေးအပ်ခဲ့သည်မှာလည်း မိမိအတွက် အမှတ်တရခွန်အားဖြစ်စေခဲ့ပါသည်။

ဌာနအကြီးအကဲကလည်း ဘာသာပြန်ဆိုမှု ပိုစိတ်ဝင်စားလာအောင် ပိုပိုထိရောက်ကောင်းမွန်လာအောင် မြန်မာ့အားကစားလောကအတွက် သိသင့်သိထိုက်သည့် သတင်းများကို ဦးစားပေးပြန်ဆိုနိုင်အောင် Guideline ချပေးသည်။

ထိုမှတစ်ဖန် နိုင်ငံတော်က ဖွဲ့စည်းထားရှိသည့် အဂတိ လိုက်စားမှုတိုက်ဖျက်ရေးအဖွဲ့ (Anti-Corruption Commission ) အစီအစဉ်ဖြင့် ဝန်ကြီးဌာနများအတွင်း အဂတိလိုက်စားမှု လျော့ပါးစေရေးဦးတည်ချက်များဖြင့်“အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့” (Corruption Prevention Unit) များကို ဖွဲ့စည်းတာဝန် ပေးအပ်ရာမှာ ကျွန်တော်တို့ ဝန်ကြီးဌာနအတွက် အဆိုပါ CPU အဖွဲ့ ဖွဲ့စည်းရာမှာ ကျွန်တော့်ကို အဖွဲ့ဝင်အဖြစ် တာဝန်ပေးထားသည်။ အဆိုပါတာဝန်အတွက် မိမိကိုယ်ပိုင်ဉာဏ်ဖြင့် စဉ်းစားသုံးသပ်လျက် မိမိတို့ဌာနက နှစ်စဉ်ပုံမှန်ကျင်းပလျက်ရှိသော “တိုင်းဒေသကြီးနှင့်ပြည်နယ်အားကစားပြိုင်ပွဲ”များတွင် CPU Awareness ပေး၍ဆောင်ရွက်ရန်ဆုံးဖြတ်ခဲ့သည်။ ပြိုင်ပွဲမတိုင်မီကျင်းပသော တိုင်း/ပြည်နယ်အားကစားအသင်းများ ကစားသမားများစိစစ်သည့်“အသင်းအုပ်ချုပ်သူ များအစည်းအဝေး”များတွင် မိမိဌာနခွဲ (အားကစားစီမံကိန်းနှင့်သုတေသနဌာနခွဲ)က ပြောကြားရန်အလှည့်အရောက်တွင် CPU အကြောင်း awareness ပြောကြားခြင်း၊ အစည်းအဝေးမတိုင်မီ မိမိဌာနခွဲက ဖြန့်ဝေထားသော Proforma ဇယားများကို မှန်မှန်ကန်ကန်ဖြည့်စွက်ပေး၍ အချိန်မီပြန်လည်ပေးရေးကိစ္စ၊ ယခုကျင်းပသည့် အားကစားပြိုင်ပွဲနှင့် ပတ်သက်သည့် အကြံဉာဏ် Comments များရေးသားပေးရေး၊ အသက်မှန်ကန်စေရေး၊ ပြိုင်ပွဲဝင်အသင်းများ၏ လိုအပ်ချက်များကို အကြံပြုဆွေးနွေးခြင်းများ ပုံမှန်ပြောဆိုဆောင်ရွက်သည့်အပြင် CPU ၏ လက်ကမ်းကြော်ငြာများကို တစ်သင်းခြင်းစီသို့ပေးဝေခြင်းများကို ဆောင်ရွက်ပါသည်။

အဆိုပါ အစည်းအဝေးများတွင် CPU ဆိုင်ရာ ဆောင်ရွက်ချက်များကို လစဉ် အဂတိလိုက်စားမှု တိုက်ဖျက်ရေးအဖွဲ့ ACC သို့ ပေးပို့ရသော မိမိတို့ဝန်ကြီးဌာန၏ အဂတိလိုက်စားမှု တားဆီး ကာကွယ်ရေးအဖွဲ့ CPU ၏ လစဉ်ဆောင်ရွက်ချက်အစီရင်ခံစာတွင် ဆောင်ရွက်ချက် ဓါတ်ပုံမှတ်တမ်းနှင့်တကွ ထည့်သွင်းဖော်ပြပေးပို့ ဆောင်ရွက်နိုင်ခဲ့ပါသည်။

မိမိဌာနခွဲ ဝန်ထမ်းများအနေဖြင့်လည်း ပြိုင်ပွဲကာလအတွင်း လိုအပ်လျှင် လိုအပ်သလို နည်းပြ၊ ကစားသမားများ၊ အုပ်ချုပ်သူများ အပါအဝင် သက်ဆိုင်ရာအားကစားအဖွဲ့ချုပ်မှ အမှုဆောင်များ/အတွင်းရေးမှူးများကို တွေ့ဆုံမေးမြန်းခြင်းများ ဆောင်ရွက်၍ ပြိုင်ပွဲ ပြီးလျှင်ပြီးပြီးချင်း နှစ်ပတ်ခန့်အတွင်း ပြိုင်ပွဲသုံးသပ်ချက်အစီရင်ခံစာကိုဌာနအကြီးအကဲထံ ကိုယ်တိုင်တွေ့ဆုံတင် ပြနိုင်ရေးကြိုးပမ်းဆောင်ရွက်ခဲ့ပါသည်။

အဆိုပါပြိုင်ပွဲ အစီရင်ခံစာတွင် ပြိုင်ပွဲဝင်အသင်းတစ်သင်းချင်းအနေဖြင့် ပြိုင်ပွဲအကြိုကာလတွင် အသင်းဖွဲ့စည်းမှု၊ အသင်းနည်းပြ များ၏အရည်အချင်း၊ အားကစားသမားများရွေးချယ်ပုံ၊ စခန်းသွင်း လေ့ကျင့်ကာလအတိုင်းအတာ၊ အသင်းအတွက်ထောက်ပံ့မှုအပြင် ပြိုင်ပွဲကာလအတွင်း တည်းခိုနေထိုင်မှု၊ စားသောက်မှု၊ လေ့ကျင့်ရေးကွင်းနှင့် ပြိုင်ပွဲသုံးကွင်း အဆင်ပြေ/မပြေ၊ ပို့ဆောင်သွားလာရေး ကိစ္စအဆင်ပြေ/မပြေ အစရှိသည်များနှင့် ကုန်ကျစရိတ် ထိရောက်စွာသုံးစွဲမှုများအပါအဝင် ပြိုင်ပွဲ အနိုင်/အရှုံးအပေါ်မူတည်လျက် အသင်းများ၏ အားသာချက်၊ အားနည်းချက်နှင့် သုံးသပ်ချက်အပါအဝင်လိုအပ်သော အကြံပြုချက်များကို စုံလင်အောင် ပြုစုတင်ပြနိုင်ခဲ့သည်။

တိုင်းဒေသကြီး/ပြည်နယ်အသင်းများ အနေဖြင့် ပြိုင်ပွဲတွင် အရည်အချင်းပြည့်မီသော သက်ဆိုင်ရာ အားကစားနှင့်ကာယပညာသိပ္ပံမှ ကျောင်းသားအားကစားသမားများ၊ မြန်မာ့လက်ရွေးစင်အတွက် ရည်မှန်းပြီး Youth Camp , Gold Camp တွင် စခန်းဝင်လေ့ကျင့်လျက်ရှိသော အားကစားသမားများကိုထည့်သွင်း ဖွဲ့စည်းကာ ယှဉ်ပြိုင်လေ့ရှိပါ၍ အဆိုပါအသင်းများ၏ အောင်မြင်မှုကိုပါ သုံးသပ်တွက်ချက်တင်ပြနိုင်ခဲ့ပါသည်။

အဆိုပါအားကစားသမားအများစုသာလျှင် တိုင်းဒေသကြီးနှင့်ပြည်နယ်များ စံချိန်အဟောင်းများကို ချိုးနိုင်ခဲ့ကြသည်ကို တွေ့ရှိရပါသည်။ ထို့အတွက်လည်း နိုင်ငံတော်အတွက် အလားအလာရှိသောမြန်မာ့ လက်ရွေးစင်အားကစားသမားများ ပေါ်ထွက်လာရေးမှာ မိမိတို့ လက်ရှိကျင်းပလျက်ရှိသော တိုင်းဒေသကြီး/ပြည်နယ်အားကစားပြိုင်ပွဲများပေါ် မူတည်လျက်ရှိသည်မှာ လယ်ပြင်မှာဆင်သွားသကဲ့သို့ ထင်ရှားလျက်ရှိပါသည်။

မိမိတို့ အားကစားစီမံကိန်းနှင့်သုတေသနဌာနခွဲ၏ သုံးသပ်မှုအပေါ်တွင် သက်ဆိုင်ရာတာဝန်ခံ ညွှန်ကြားရေးမှူးများကဌာနအကြီးအကဲထံလှမ်းပြီး စာဒကတက်(တိုင်ပြောပြော)သည်ကိုလည်း ကြားသိခဲ့ပါသည်။ ကျွန်တော် အဆိုပါဌာနခွဲတာဝန်ခံဖြစ်ချိန်ပြိုင်ပွဲသုံးသပ်ချက်မှန်သမျှကို Sustainable Sports Development ဦးတည်လျက် အတတ်နိုင်ဆုံးအပြုသဘော (အကောင်းမြင်) သဘောဖြင့် ကြိုးစားဆောင်ရွက်ခဲ့ပါသည်။

မိမိတို့ သုံးသပ်ဆောင်ရွက်မှုအပေါ်တွင် တိုင်း/ပြည်နယ်များကသက်တမ်းအလိုက် ပြိုင်ပွဲများတွင် အားကစားပြိုင်ပွဲများတွင် အသက်မှန်ကန်ရေးကို အလေးအနက်ပြုလာကြသည်ကို တွေ့ရှိရ၍ ဆောင်ရွက်ရကျိုးနပ်သည်ဟု ဆိုရမည်ဖြစ်ပါသည်။ သို့သော်လည်း အားကစားပြိုင်ပွဲတိုင်းလိုလိုတွင် ပြိုင်ပွဲဝင်များဘက်မှ မှန်မှန်ကန်ကန် ပါဝင်ယှဉ်ပြိုင်ကြသော်လည်း သက်ဆိုင်ရာအားကစားအဖွဲ့ချုပ်များက တချို့သောအသင်းများအပေါ်တွင် မသိမသာ ဘက်လိုက်မှု၊ အထူးသဖြင့် ဒိုင်လူကြီးများ၏ ဆောင်ရွက်မှုအပေါ်တွင်လည်း မိမိဌာနခွဲကထည့်သွင်း၍ သုံးသပ်ချက်၊ ဝေဖန်ချက်များကို အလျဉ်းသင့်သလိုထည့်သွင်းဖော်ပြခဲ့ပါသည်။ ဥပမာ - သက်ဆိုင်ရာအားကစားအဖွဲ့ချုပ်တစ်ခု၏ အကြီးအကဲက တိုင်း/ပြည်နယ်အားကစားအောင်နိုင်ရေးကော်မတီ ဥက္ကဋ္ဌအဖြစ် ပါဝင်ဆောင်ရွက်နေမှုအပေါ် “အားကစားအဖွဲ့ချုပ်အကြီးအကဲ အနေဖြင့် မိမိ၏သက်ဆိုင်ရာအားကစားနည်းကို မြန်မာနိုင်ငံအနှံ့ ပြန့်ပွားတိုးတက်ရန် အဓိကထားဆောင်ရွက်ရမည်ဖြစ်၍ အောင်နိုင်ရေးကော်မတီတွင် တာဝန်ယူဆောင်ရွက်ရန် မသင့်ပါကြောင်း၊ ပြိုင်ပွဲ စည်းကမ်းအရ SEA Games တွင်ဆုရရှိခဲ့သော မြန်မာ့လက်ရွေးစင်အားကစားသမားဟောင်းက တိုင်း/ပြည်နယ်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်နေခြင်းများကို တွေ့မြင်သိရှိ စုံစမ်းထားရှိမှုအရ “မသင့်တော်ပါကြောင်း” ဆိုတာမျိုးကို အကြံပြုချက်တွင် ထည့်သွင်းဖော်ပြဖူးပါသည်........................

ဆက်လက်ဖော်ပြပါမည် ....